
နည်းပညာ မျှဝေခံစားခြင်း နှင့်စိမ်းလန်းသော လူမှုဘဝများဆီသို့

# facebook ၏ လုပ်ဆောင်ချက်များ

## စုကြည်ထွေး

စာအုပ်အမှတ်(၁၀)



# FACEBOOK

# ၏

# လုပ်ဆောင်ချက်များ

(ပထမအကြိမ်)

## စုကြည်ထွေး


လောကဘာသာရှုစာအုပ်တိုက်

Asia Plaza အခန်းအမှတ်(၂၅) ဗိုလ်ချုပ်လမ်း ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၇၃၀ ၅၁၁၉၀၊ ၀၉-၅၀-၄၃၁၆၄၊ ၀၉-၅၀-၉၈၆၀၆

## မာတိကာ


- Knowledge Bridge Magazine အယ်ဒီတာတစ်ဦး၏ အမှာ ၇
- ၁။ Facebook အကောင့်သစ်တစ်ခု ဖန်တီးခြင်း ၉
- ၂။ Complete Sign Up ဖြစ်အောင်လုပ်ခြင်း ၂၁
- ၃။ Password Error ဖြေရှင်းနည်း ၂၆
- ၄။ Login ဝင်လို့ရပြီး သုံးမရတဲ့ ပြဿနာ ၃၄
- ၅။ Profile အသုံးပြုခြင်း ၃၉
- ၆။ သူငယ်ချင်းတွေ ဖိတ်ခေါ်ခြင်း (၁) ၄၉
- ၇။ သူငယ်ချင်းတွေ ဖိတ်ခေါ်ခြင်း (၂) ၅၄
- ၈။ Facebook မှာ Chatting ထိုင်ခြင်း ၅၈
- ၉။ အုပ်စုလိုက်စကားပြောခြင်း ၆၂
- ၁၀။ ဓာတ်ပုံတင်ခြင်း ၆၇
- ၁၁။ Events ပေါင်းထည့်ခြင်း ၇၆
- ၁၂။ Facebook Background ထည့်ခြင်း ၈၁
- ၁၃။ Facebook Group ဖွဲ့ခြင်း ၈၉
- ၁၄။ Notification,Invite Friends List ကြည့်ခြင်း ၉၄

| | | |
|---|---|---|
| ၁၅။ | Profile Wall မှာ ဓာတ်ပုံတင်ခြင်း | ၉၉ |
| ၁၅။ | Profile Wall မှာ သတင်းထူး၊ ပုံပြင်၊ ဝတ္ထုတင်ခြင်း | ၁၀၄ |
| ၁၆။ | Profile Wall မှာ Link ကို Share ပေးခြင်း | ၁၁၁ |
| ၁၇။ | Profile Wall မှာ Video Share ပေးခြင်း | ၁၁၅ |
| ၂၇။ | Facebook မှာ Game ကစားခြင်း | ၁၂၄ |
| ၁၈။ | Account Setting အကြောင်း | ၁၂၇ |
| ၁၉။ | Privacy အကြောင်းသိကောင်းစရာ (၁) | ၁၃၅ |
| ၂၀။ | Privacy အကြောင်းသိကောင်းစရာ (၂) | ၁၄၂ |
| ၂၁။ | Facebook Deactivate လုပ်ခြင်း | ၁၄၆ |
| ၂၂။ | Facebook အကောင့် Delete လုပ်ခြင်း | ၁၅၂ |
| ၂၃။ | Facebook မှာ Shortcut အသုံးပြုနည်း | ၁၅၇ |






## အမှာစာ

ယနေ့ကမ္ဘာကြီး၏ ပြောင်းလဲတိုးတက်မှုသည် လျင်မြန်သောအရှိန်အဟုန်ဖြင့် တိုးတက်နေခြင်းပင် ဖြစ်ပါသည်။ ပြောင်းလဲမှု၏ အခြေခံတွန်းအားဖြစ်သည့် ဒီဂျစ်တယ်နည်းပညာသည် ကမ္ဘာတစ်ဝှမ်းသို့ အကြားအလပ်မရှိ သက်ရောက်လျက်ရှိကာ၊ ယနေ့လူသားများ၏ နေ့စဉ်ဘဝများအား သမရိုးကျအခြေအနေမှ ပိုမိုလွယ်ကူအဆင်ပြေစေမည့် လူ့ဘောင်ဆီသို့ ဖန်တီးပေးလျက် ရှိနေပါသည်။ နည်းပညာ၏ ဗဟိုချက်မနှင့်နီးသည်ဖြစ်စေ၊ ဝေးသည်ဖြစ်စေ သက်ရောက်မှု အတိုင်းတာ၊ ဖြစ်ပေါ်ပြောင်းလဲတိုးတက်မှု အရှိန်အဟုန်တို့ကို မည်သူမျှ ရှောင်လွှဲ၍ မရတော့ပါ။

ဤသို့ပြောင်းလဲလာသော နည်းပညာအခြေခံလူမှုပုံစံဟန်ပန်များ အပေါ် သဘောထားအမြင်အမျိုးမျိုးများ ရှိကြပါသည်။ အသက်အရွယ် အပိုင်းအခြား မျိုးဆက်ကွာဟမှု၊ နည်းပညာနှင့်ရင်းနှီးကျွမ်းဝင်နိုင်မှု အခြေအနေ၊ နည်းပညာ၏သဘောသဘာဝကို သေသေချာချာဆုပ်ကိုင်နိုင်မှု စသည်တို့အပေါ် မူတည်၍ အမြင်ကွဲများရှိနိုင်ပါသည်။ ကိုယ်လိုရာဆွဲယူမှုများလည်း ရှိနိုင်ပါသည်။ ထိရောက်မှုရှိသော အသုံးဝင်မှုကို သေသေချာချာ သိရှိနိုင်ခြင်းထက်၊ ဘေးထွက်ဆိုးကျိုးများကိုသာ မြင်တတ်မှုများလည်း ရှိနိုင်ပါသည်။

အမှန်တကယ်အားဖြင့် နည်းပညာသည် ယနေ့လူသားများ ဖြတ်သန်းနေရသော နေ့စဉ်လူမှုဘဝပုံစံများကို ပိုမိုအဆင်ပြေချောမွေ့

လာစေရန် ဖန်တီးပေးနေပါသည်။ လူသားများ၏ လူမှုစီးပွားအခြေအနေများ တိုးတက်နိုင်ရန် အခွင့်အလမ်းများကို ဖွင့်ပေးနေပါသည်။ မိမိအနေဖြင့် နည်းပညာကို ထိထိရောက်ရောက် အသုံးချနိုင်မှုရှိဖို့သာ အဓိက ဖြစ်ပါသည်။ နည်းပညာ၏သဘောသဘာဝကို သေသေချာချာ နားလည်ပြီး၊ ထိရောက်စွာ အသုံးချနိုင်ပါက နည်းပညာ၏ ဘေးထွက်ဆိုးကျိုးများကို လွယ်ကူစွာ ရှောင်ရှားနိုင်မည်ဖြစ်ပြီး၊ မိမိနှင့်အများအတွက် အကျိုးဖြစ်ထွန်းစေမည့်အခွင့်အလမ်းများကို ရှာဖွေဆုပ်ကိုင်နိုင်မည် ဖြစ်ပါသည်။

ဆရာမ စုကြည်ထွေး ရေးသားမျှဝေလိုက်သည့် "Facebook ၏ လုပ်ဆောင်ချက်များ" စာအုပ်သည် လူမှုရေးကွန်ရက်(Social network) တစ်ခုကို မည်သို့လုပ်ဆောင်အသုံးချရမည်ကို မသိရှိသေးသည့်သူများအား သေသေချာချာ သိရှိသွားစေမည်ဖြစ်ပြီး၊ သိရှိပြီးသားသူများကိုလည်း ပိုမိုထောင့်စုံစေမည် ဖြစ်ပါသည်။ လူမှုဆက်ဆံရေးကွန်ရက်နည်းပညာ၏ လုပ်ဆောင်ချက်များကို ကျွမ်းကျင်ထိရောက်စွာ အသုံးချနိုင်ခြင်းဖြင့် မိမိ၏လူမှုအကျိုးစီးပွားကို ထိရောက်စွာ ဖော်ဆောင်နိုင်ကြမည် ဖြစ်ပါသည်။

***အယ်ဒီတာတစ်ဦး***

*Knowledge Bridge Magazine*






# FACEBOOK

## အကောင့်သစ်တစ်ခု ဖန်တီးခြင်း

Facebook ကို စတင်အသုံးပြုတော့မယ်ဆိုရင် ပထမဆုံး Facebook Account တစ်ခုရှိဖို့ လိုအပ်ပါတယ်။ ကိုယ်အသုံးပြုမယ့် Browser ကို ဖွင့်လိုက်ပါ။ ဒီမှာတော့ Morzilla Firefox နဲ့ အသုံးပြုသွားပါမယ်။ Browser ပွင့်လာပြီဆိုရင် www.facebook.com လို့ ရိုက်ထည့်ပြီး Enter ခေါက်လိုက်ပါ။ Fig(1) မှာ မြင်ရတဲ့ပုံအတိုင်း Facebook မှာ အကောင့်ရှိပြီးသားသူဆိုရင် Facebook ရဲ့ Sign In ဝင်ရမယ့်နေရာနဲ့ သူ့ရဲ့အောက်မှာ Sign Up လုပ်ဖို့အတွက် Profile တစ်ခု ကျလာပါလိမ့်မယ်။




Fig(1)

နောက်တစ်ဆင့်အနေနဲ့ ပထမ www.facebook.com လို့ ရိုက်ထည့်လိုက်လို့ ကျလာတဲ့ Profile မှာ အကောင့်သစ်တစ်ခု ဖွင့်ဖို့အတွက် ကိုယ့်ရဲ့ Data တွေကို ဖြည့်ပေးရပါမယ်။ ပထမ First Name, ဒီနေရာမှာ နာမည်ကို နှစ်လုံး၊ သုံးလုံး ရေးနိုင်ပါတယ်။ Last Name မှာတော့ ကိုယ့်ရဲ့ နောက်ဆုံး Name ပဲ ဖြစ်ရမှာပါ။ Your Email ဆိုတဲ့ နေရာမှာတော့ Gmail Address တစ်ခု ရေးပေးရပါမယ်။ Mail Address တစ်ခုကို Facebook အကောင့်တစ်ခုပဲ သုံးလို့ ရပါတယ်။ Gmail Address ရိုက်ထည့်တဲ့ အခါမှာလည်း ပြည့်ပြည့်စုံစုံ ရိုက်ပေးရပါမယ်။ ဥပမာ -01011010m-@gmail.com ဆိုတာကို မေးလ်မှာ Sign in ဝင်သလိုမျိုး @gmail.comကို ဖြုတ်ထားခဲ့ပြီးရေးလို့ မရပါဘူး။ ဒါကြောင့် Your Email ဆိုတဲ့ နေရာမှာ Email Address ကို ပြည့်ပြည့်စုံစုံ ရိုက်ထည့်ပေးလိုက်ပါ။ Re-enter Email မှာလည်း အပေါ်က Email ကိုပဲ မှန်မှန်ကန်ကန်လေး ထပ်ရိုက်ပေး ရပါမယ်။ နောက်တစ်ခုကတော့ New Password ကို ပေးရမှာပဲ ဖြစ်ပါတယ်။ Password ကတော့ အနည်းဆုံး (6) လုံး ရှိရပါမယ်။ ပြီးရင် Gender





Fig (2)

(လိင်) အမျိုးအစားကို Down Arrow လေးနဲ့ ရွေးချယ် ပေးရပါမယ်။ Birthday မှာလည်း Down Arrow ကနေ ကိုယ့်ရဲ့ မွေးရက်၊ မွေးလ၊ မွေးနှစ်တွေကို ရွေးပေးလိုက်ပါ။ Sign Up အဆင့်ဆင့် ကတော့ ပြီးပြီ။ ကိုယ်ဖြည့်ထားတာ မှန်လား၊ မမှန်လား သေချာအောင် တစ်ခေါက်လောက် စစ်ဆေးပြီးရင် Fig (2) မှာ တွေ့ရတဲ့အတိုင်း Sign Up ကို ကလစ်လိုက်ပါ။

Sign Up လုပ်လိုက်တဲ့အခါမှာ ပြီးပြည့်စုံတဲ့ Facebook အကောင့်တစ်ခု ရရှိဖို့အတွက် အခုဆက်လက်ပြီး Security Check မှာ ဖြည့်ပေးရပါမယ်။ Text in the box ဆိုတဲ့ စာရဲ့ဘေး Box ထဲမှာ အပေါ်မှာ မြင်ရတဲ့ စာတွေကို စာလုံးပေါင်းမှန်အောင် ရိုက်ထည့်ပေးလိုက်ပါ။ Fig (3) ထဲက အတိုင်း Security Check အတွက် ဖြည့်ပြီးသွားရင်တော့ Sign Up ဆိုတာကိုပဲ ထပ်ကလစ်ပြီး နောက်တစ်ဆင့်ကိုသွားပါမယ်။

အခုဆိုရင် Facebook Account သစ်တစ်ခုကို ဖန်တီးပြီးသွားပါပြီ။ ဒီအဆင့် ပြီးသွားတဲ့အချိန်မှာ Facebook သုံးနိုင်ဖို့အတွက် အခြေခံ အဆင့် (3) ဆင့် ကျလာပါလိမ့်မယ်။ ပထမဆုံး အဆင့်ကတော့ Find





Fig (3)

Friends ဆိုတဲ့ သူငယ်ချင်းတွေ ရှာဖို့အတွက် ဖြစ်ပါတယ်။ Gmail ထဲမှာရှိတဲ့ သူငယ်ချင်းတွေကို Facebook သုံးဖို့အတွက် Auto Mail Sending လုပ်ပေးပါလိမ့်မယ်။ တကယ်လို့ ကိုယ့်ဆီမှာ Gmail မှ မဟုတ်ဘဲ တခြား Hot mail, Yahoo mail နဲ့ တခြားမေးလ်တွေရှိရင်လည်း အဲဒီ မေးလ်တွေကို ထည့်ပြီး Find Friend လုပ်ပေးနိုင်ပါတယ်။ ဒီမှာတော့ Your Email ဆိုတဲ့ နေရာမှာ Facebook Sign Up လုပ်ထားတဲ့ အကောင့်ကို ရိုက်ထည့်လိုက်ပါတယ်။ ပြီးရင်တော့ Fig (4) မှာ ပြထားတဲ့အတိုင်း Find Friends ဆိုတာကို ကလစ်လိုက်ပါ။




Fig (4)

Find Friends ကို ကလစ်လိုက်တဲ့ အချိန်မှာ Pop up window နဲ့ Gmail Sign in ဝင်ဖို့အတွက် Fig (5) မှာ ပြထားသလိုပဲ တက်လာပါလိမ့်မယ်။ Google Account ကို Sign in ဝင်ဖို့အတွက် Email နဲ့ Gmail Password ကို မှန်မှန်ကန်ကန် ထည့်ပြီး Sign In ကို ကလစ်လိုက်ပါ။




Fig (5)

Gmail Sign In ဝင်ပြီးသွားတဲ့ အချိန်မှာ Fig (6) မှာ ပေါ်လာတဲ့ ပုံကတော့ အခု Facebook သုံးနေတဲ့ Gmail အကောင့်ပိုင်ရှင် ဟုတ်၊မဟုတ် ဆိုတာကို စုံစမ်းနေခြင်းပဲ ဖြစ်ပါတယ်။ Gmail အကောင့်ထဲက Friends




Fig (6)

list တွေကို Facebook က တိုက်ရိုက် Facebook Invite Mail ပို့ဖို့အတွက် ခွင့်ပြုစေဖို့ ဖြစ်ပါတယ်။ ဒီအဆင့်မှာတော့ ဘာမှထွေထွေထူးထူး လုပ်စရာ မလိုဘဲနဲ့ Allow ဆိုတာကိုပဲ ကလစ်ပေးလိုက်ပါ။





Fig (7)

Fig (7) က ပုံမှာတော့ Allow လုပ်လိုက်တဲ့အတွက် Gmail Contacts တွေကို Import လုပ်နေတာပါ။ ခဏပဲ ကြာပါတယ်။ ကိုယ့်ရဲ့ Friends List က များရင်တော့ အချိန်နည်းနည်း ပေးရပါလိမ့်မယ်။ ဒီအချိန်မှာ Cancel လည်း သွားမလုပ်လိုက်ပါနဲ့။

အခု ဆက်လက်ပြီးတော့ Step(1) အဆင့် အဆုံးသတ်မယ့် နေရာကို ရောက်လာပါပြီ။ Gmail Contact List မှာ ရှိတဲ့ Friends တွေကို Invite လုပ်ပြီးသွားတဲ့ အကြောင်းနဲ့ တခြား အကောင့်တွေရှိရင် ထပ် ထည့်ပြီး Invite ထပ်လုပ်နိုင်တယ်ဆိုတာကို ထပ်ပြော ထားတာပါ။ တကယ်လို့ ကိုယ်က Mail အကောင့် များများသုံးပြီး Friends ကို ရှာချင်

တယ်ဆိုရင် Try another email account or file? ဆိုတဲ့ နေရာကို ကလစ်လုပ်ပြီး Mail အကောင့် ထပ်ထည့်ပြီး Invitation ထပ်လုပ်လို့ ရပါတယ်။ အခုတော့ ထပ်ပြီး Invite မလုပ်တော့ဘဲ skip နဲ့ပဲ Fig (8) အတိုင်း ကျော်သွားလိုက်ရအောင်။





Fig (8)

Step (2) ကတော့ Profile Information ဖြည့်ခြင်းပဲ ဖြစ်ပါတယ်။ ဒီအဆင့်တွေကို ကိုယ်က မဖြည့်ချင်လို့ ကျော်သွားချင်တယ် ဆိုရင်လည်း skip ကို ကလစ်နှိပ်ပြီး ကျော်နိုင်ပါတယ်။ ဒါပေမယ့် ဒီလို Profile Information ဖြည့်စွက်ခြင်းအားဖြင့် အကြောင်းအမျိုးမျိုးကြောင့် ကိုယ့်ကို Online ကနေ ရှာဖွေချင်တဲ့ သူတွေအတွက် မြန်မြန်ဆန်ဆန် ရှာဖွေတွေ့ရှိဖို့အတွက် အထောက်အကူ ပေးပါလိမ့်မယ်။ ကိုယ့်ရဲ့ အချက်အလက်ကို ထည့်ပြီးသွားပြီ ဆိုရင်တော့ Fig-9 မှာ တွေ့ရတဲ့အတိုင်း Save & Continue ကို ကလစ်ပြီး Step (3) ကို သွားလို့ ရပါပြီ။

Step (3) ကတော့ Profile Picture တင်ရမယ့် နေရာပဲ ဖြစ်ပါတယ်။ ဒီနေရာမှာ ဓါတ်ပုံကို နှစ်နည်းအသုံးပြုပြီး တင်နိုင်ပါတယ်။ ပထမနည်းကတော့ စက်ထဲမှာ ရှိတဲ့ Data ကို Upload လုပ်ပြီး တင်တဲ့နည်း

(Upload a Photo) ပဲ ဖြစ်ပါတယ်။ နောက်တစ်နည်းကတော့ webcam ကို အသုံးပြုပြီးတော့ လက်ရှိကိုယ့်ရဲ့ပုံကို ရိုက်ပြီး တင်တဲ့နည်းပဲ ဖြစ်ပါ





Fig (9)

တယ်။ အခုတော့ Upload a Photo နည်းကိုပဲ သုံးပြီး Profile Picture ကို တင်မှာဖြစ်တဲ့အတွက် Fig (10) မှာ ပြထားတဲ့ Upload a Photo ဆိုတာကို Click နှိပ်လိုက်ပါ။





Fig (10)





Fig (11)

Upload a Photo ဆိုတာကို Click နှိပ်လိုက်တဲ့ အချိန်မှာ Upload Your Profile Picture ဆိုတဲ့ Pop up Box လေး ပေါ်လာပါလိမ့်မယ်။ Pop up Box ပေါ်လာပြီဆိုလျှင် Fig-11 မှာ ပြထားတဲ့အတိုင်း Photo ရွေးရန်အတွက် Browse Button ကို Click နှိပ်လိုက်ပါ။

Browse button ကို နှိပ်လိုက်ပါက File Upload Box တစ်ခု တက်လာတာကို မြင်တွေ့ ရပါလိမ့်မယ်။ ကိုယ်သိမ်းထားတဲ့ပုံက ဘာနာမည်နဲ့ သိမ်းထားလိုက်မှန်း မသိတော့လို့ ပုံလိုက်ပြန်ရှာချင်တယ်ဆိုရင် ညာဖက်ဘေးနားမှာရှိတဲ့ View Menu က Thumbnails ဆိုတာကို ကလစ်




Fig (12)

နှိပ်ပြီး ကိုယ့်ရဲ့ပုံတွေကို ရှာနိုင်ပါတယ်။ File Upload မှာ ကိုယ့်စိတ်ကြိုက် Photo ကို တွေ့ပြီဆိုလျှင် Fig-12 မှာ ပြထားတဲ့အတိုင်း Open ကို Click နှိပ်လိုက်ပါ။






Fig (13)

အခုဆိုရင်တော့ Fig (13) မှာ ကိုယ်ရွေးထားတဲ့ ပုံကို Profile Picture အဖြစ် Upload လုပ်နေတဲ့ ပုံကို တွေ့မြင်ရမှာပါ။ ဒီနေရာမှာလည်း ကိုယ် Profile Picture အဖြစ် အသုံးပြုမယ့် ပုံရဲ့ Size ပေါ် မူတည်ပြီးတော့ ကြာချိန်ကို စောင့်ပေးရပါလိမ့်မယ်။




Fig (14)

Profile picture အဖြစ် အသုံးပြုမယ့် ပုံကတော့ Fig-14 မှာ ပြထားတဲ့အတိုင်း မြင်ရမှာပါ။ အခုဒီပုံကို မလိုချင်တော့လို့ ထပ်ပြောင်းချင်တယ်ဆိုရင်လည်း နောက်ပိုင်းမှာ ပြန်လည်ပြင်ဆင်နိုင်ပါတယ်။ ဒါကတော့ ကိုယ့်စက်ထဲမှာရှိတဲ့ ပုံကို Upload တင်ပြီး Profile Picture သွင်းတဲ့နည်းပါ။ Take a Photo နဲ့ ကိုယ့်ရဲ့ အခုလက်ရှိပုံကို တင်ချင်တယ်ဆိုရင်လည်း Take a Photo မှာ တစ်ချက် ကလစ်နှိပ်ပြီး Uploading လုပ်နေတာကို စောင့်၊ ပုံမြင်ရပြီဆိုရင် အခုအဆင့်တိုင်း ပြန်ရောက်ပါပြီ။ ဒီလိုမျိုးပုံကို ဘယ်နည်းနဲ့ပဲ တင်တင် မြင်ရပြီးဆိုရင်တော့ Save & Contine ကို တစ်ချက်ကလစ် ပြီးသွားရင်တော့ Facebook ရဲ့ အကောင့်သစ်ဖွင့်နည်း အခြေခံအဆင့်တွေ ပြီးသွားပါပြီ။



# Complete Sign up

## ဖြစ်အောင်လုပ်ခြင်း

တစ်ခါတစ်လေမှာ Facebook အကောင့် ဖွင့်ပြီးတာတောင် နောက်တစ်ကြိမ် ပြန်သုံးတော့ သုံးလို့ မရတော့တာ၊ ကိုယ့်ရဲ့ Password ကပဲ မှားနေသလိုလို၊ Security Word တွေ ပြန်ပေးရတာမျိုး စတာတွေ အမျိုးမျိုး ကြုံတွေ့နေရတာတွေ ရှိမှာပါ။ အဲ့ဒါကတော့ ဒီအဆင့်ကို မသိမသာနဲ့ သိသိသာသာကို ကျော်ပြီးသုံးသွားကြလို့ပါပဲ။ ဒီအခက်အခဲတွေကို ကျော်လွှန်ဖို့အတွက်ကတော့ Facebook အကောင့်သစ်ဖွင့်ပြီး နောက်တစ်ကြိမ် ထပ်ဝင်လိုက်တဲ့ အချိန်မှာ Fig- 1 မှာ ပြထားတဲ့ Go to your





Fig-1

email ဆိုတဲ့ အဝါရောင် လိုင်းလေးကို မြင်ရပါလိမ့်မယ်။ မြင်ရရင် Go to your email ဆိုတဲ့ Button လေးကို ကလစ် ပေးလိုက်ပါ။

Go To Your Email ကို ကလစ်လိုက်ပါက Gmail ဖွင့်ဖို့အတွက် နောက်ထပ် New Tab အနေနဲ့ ပေါ်လာပြီး Sign in with your Google Account ဆိုတဲ့ Box ကို တွေ့ရမှာပါ။ Facebook အကောင့်လုပ်ထားတဲ့ Gmail ရဲ့ Username နဲ့ Password ကို ရိုက်ထည့်ပြီး Fig-2 မှာ ပြထားတဲ့ အတိုင်း Sign In ကို ကလစ်လိုက်ပါ။





Fig-2

Gmail Sign In ဝင်ပြီးသွားပြီ ဆိုရင်တော့ Facebook New Account ကို Create လုပ်ထားတဲ့အတွက် Facebook Admin Team မှ Fig-3 မှာ ပြထားတဲ့ ပုံအတိုင်း Auto Mail Sending လုပ်ထားတာကို မြင်ရပါလိမ့်မယ်။ ကိုယ့် Gmail ထဲကနေ Just one more step to get started on Facebook ဆိုတဲ့ Subject နဲ့ ရေးထားတဲ့ Mail ကို ဖွင့်လိုက်ပါ။ Facebook Account အသစ်ဖွင့်တဲ့ အချိန်မှာ ဒီတစ်ဆင့်ကို ကျော်လိုက်တာနဲ့ Error တက်လာပါလိမ့်မယ်။





Fig-3

Mail ဖွင့်လိုက်တာနဲ့ Fig-4 က ပုံကို မြင်ရမှာပါ။ Complete Sign-up ဖြစ်ဖို့အတွက် Confirmation code သွားထည့်ပေးဖို့ လိုအပ်ပါတယ်။ အဲ့ဒါကြောင့် Confirmation code တွေကို select မှတ်ပြီး copy ကူးလိုက်ပါ။ Copy ကူးပြီးသွားတဲ့ အချိန်မှာတော့ Complete Sign-up Box





Fig-4


ကို တစ်ချက် ကလစ်ပြီး Facebook website Link ကို တိုက်ရိုက်သွားလိုက်ပါ။ ဒီအဆင့်မှာ Complete Sign up ကို ကလစ်၊ Facebook link ကို သွားပြီး နောက်တစ်ဆင့်ကို သွားလို့ရပါပြီ။

ဒီနောက်ပိုင်း Facebook အကောင့်ဖွင့်တဲ့ အချိန်မှာ Confirmation Code ကို ထည့်ပေးစရာမလိုပဲ တိုက်ရိုက်သွမေးလ်ကနေဝင်ရင် you have successfully confirmed your account with the email ဆိုတာကို ပြလာပါ လိမ့်မယ်။ တကယ်လို့ Facebook Team က Security ကောင်းကောင်း ဖြစ်စေဖို့အတွက် ထပ်တောင်းရင်တော့ အပေါ်ဆင့်မှာ





Fig -5

ပြထားတဲ့အတိုင်း Confirmation Code တောင်းတဲ့ နေရာမှာ ထည့်ပေးလိုက်ရင် ဒီလို Successfully အဆင့် ပေါ်လာမှာပါ။ အခု နောက်ပိုင်းကတော့ အဆင်သင့်ပဲဆိုတော့ ပိုမိုလွယ်ကူ အဆင်ပြေ သွားတာပေါ့။ အခုဆိုရင်တော့ Account Confirmed Box တစ်ခု Fig-5 မှာ တွေ့ရတဲ့အတိုင်း Auto ကျလာတာ ပြီးသွားရင် Account Confirmation လုပ်တဲ့အပိုင်းပြီးသွားပါပြီ။



# Password Error ဖြေရှင်းနည်း



Facebook သုံးတဲ့ အခါမှာ အကြောင်းတစ်ခုခုကြောင့် Password ပျောက်တာတွေ၊ Password က မှားနေတယ်လို့ ပြောတာတွေ Account lock ကျတာတွေကို ကြုံဖူးကြပါလိမ့်မယ်။ ဒါဟာ Facebook ကို သုံးမှ မဟုတ်ပါဘူး။ Email နဲ့ တခြား website တွေ၊ တခြား Social Network တွေကို အသုံးပြုတဲ့ အခါမှာလည်း တစ်ခါမဟုတ် တစ်ခါ ကြုံကြရပါတယ်။ အခုလည်း သုံးနေရင်းနဲ့ Facebook ကို ဝင်လို့ မရတော့လို့ အခုဖွင့်ထားတဲ့ အကောင့်ကိုပဲ ပြန်သုံးလို့ရအောင် Password ကို ပြန်ရှာကြည့်ကြရအောင်။

ပထမဆုံး www.facebook.com ကို Browser မှာ ရိုက်ထည့်ပြီး ပုံမှန်အတိုင်း Email နဲ့ Password ကို ရိုက်ထည့်ပါ။ ထို့နောက် Login ကို ကလစ်လိုက်ပါ။ Email မှန်မယ်၊ Password မှန်မယ်ဆိုရင် ပုံမှန်အတိုင်း Facebook သုံးဖို့အတွက် ပွင့်လာပါလိမ့်မယ်။ Email နဲ့ Password မှာ တစ်ခုခု လွဲချော်နေမယ်ဆိုရင်တော့ သုံးလို့ရမှာ မဟုတ်ပါဘူး။ Email ကို သေချာပြန်ကြည့်ပါ။ Email ရိုက်ထည့်တဲ့ အချိန်မှာ နောက်မှာပါတဲ့ @gmail.com ဆိုတာကို ဖျောက်ပြီး ရိုက်ထည့်ရင်လည်း Error တက်လာ





Fig-1

နိုင်ပါတယ်။ အခုတော့ Email ကလည်း မှန် တယ်။ Password ကိုလည်း မှန်အောင်ထည့်ထားတယ်။ Login ကို click ပြီး Fig-1 မှ ပုံပါအတိုင်း Facebook ထဲကို ဝင်လိုက်ပါတယ်။





Fig-2

Log In ကို click လိုက်တော့ Fig-2 မှာ Facebook Login Error ပြနေပါပြီ။ Please re-enter your password ဆိုတဲ့ စာတန်းနဲ့အတူ အောက်မှာ Password box ကိုလည်း ထပ်ထည့်ခိုင်း ထားပါတယ်။ ကိုယ့် Password ကို မှတ်မိလိုမှတ်မိငြား ထပ်ထည့်ကြည့်ပါ။ မှန်ရင် Sign In ဝင်သွားပြီး မှားရင် ဒီလိုပုံစံနဲ့ပဲ ထပ်ပြလာပါလိမ့်မယ်။ လုံးဝ မမှတ်မိတော့ ဘူးဆိုရင်တော့ အောက်မှာ Forgot your password? ဆိုတာလေး ရှိပါ တယ်။ နောက်ဆုံးဘယ်လိုမှ မမှတ်မိတော့ဘူး ဆိုရင်တော့ ဒီ Forgot your passwords ? ဆိုတာကို ကလစ်လိုက်ပါတော့။

Forgot Your Password? ဆိုတာကို ကလစ်လိုက်လို့ Fig-3 မှာ Reset Your Password? မင်းရဲ့ Password ကို အသစ်တစ်ခု ဖန်တီး




Fig-3

မလား? ဆိုတဲ့ မေးခွန်းကို မေးလာပါတယ်။ အောက်မှာလည်း ကိုယ့် အကောင့်ကို မြင်နေရပြီ။ Gmail ကလည်း မှန်တယ်ဆိုရင်တော့ Password ကို ပြန်ရှာဖို့အတွက် Reset Password ဆိုတာကိုပဲ ကလစ်လိုက်ပါ။ တကယ်လို့ သူပြထားပေးတာ ကိုယ့်အကောင့်မဟုတ်ဘဲ တခြားသူရဲ့

Gmail Account တွေ ဖြစ်နေတယ်ဆိုရင် Not My Account ကို ကလစ်ပေးပြီး ကိုယ့် Account ကို ပြန်ရှာနိုင်ပါတယ်။ အခုတော့ မှန်နေတဲ့အတွက် Reset Password ကို နှိပ်ပြီး နောက်တစ်ဆင့် သွားရအောင်။

Reset Password ကို ကလစ်လိုက်ရင် Facebook Team ကနေပြီး အခု Facebook သုံးထားတဲ့ Gmail Account ထဲကို Facebook Password




Fig-4

Reset Confirmation ဆိုတဲ့ Mail တစ်စောင် ပို့လာပါလိမ့်မယ်။ အဲ့ဒါကြောင့် အခု Mail ထဲကို ပြန်သွားလိုက်ပါဦး။ Fig-4 မှာ မြင်ရတဲ့ Facebook Team က Mail ကို တွေ့ပြီဆိုရင်တော့ အဲ့ဒီစာမှာ ကလစ်လုပ်ပြီး Mail ကို Detail ဖတ်လို့ ရအောင်ဖွင့်လိုက်ပါ။

Mail ဖွင့်လိုက်ရင် Fig-5 မှာ ပြထားတဲ့အတိုင်း Password reset code နဲ့ တခြား Note တွေကို တွေ့ရပါလိမ့်မယ်။ ဒီနေရာမှာ အရေးကြီးတာက Password Reset Code ပါပဲ။ ဒီ Code ကို Copy ကူးပြီး သူ့အပေါ်မှာရှိတဲ့ Link ကို click ပြီး Facebook page ကို ပြန်သွားလိုက်ပါ။





Fig-5

အပေါ်က Link ကို ဖွင့်လိုက်လို့ Fig-6 က ပုံအတိုင်း ကျလာတာကို မြင်ရပါလိမ့်မယ်။ ကျလာတဲ့ အချိန်မှာ Password Reset Code Box မှာ ခဏနေက Copy ကူးထားတာကို Paste နဲ့ ထည့်ပြီး Submit Code ကို တစ်ချက်ကလစ်လိုက်ပါ။




Fig-6

Submit Code ကို ကလစ်လိုက်တော့ Fig-7 မှာ မြင်ရတဲ့ ပုံအတိုင်း Security Information အတွက် ထပ်ပြီးတော့ တစ်ဆင့်ထပ်လုပ် ပေးရပါမယ်။ Security Question နေရာမှာ ကိုယ်ကြိုက်တဲ့ မေးခွန်းကို Down





Fig-7

Arrow ကနေရှာပြီး အောက်မှာ ပေးထားတဲ့ Box မှာ အဖြေကို ထည့်ပေးလိုက်ပါ။ ပြီးရင်တော့ Save and Continue ကို ကလစ်လိုက်ပြီး နောက်တစ်ဆင့်ကို ထပ်သွားလို့ ရပါပြီ။

Save and Continue ကို ကလစ်လိုက်ပြီးတဲ့ အချိန်မှာတော့ Facebook Account ရဲ့ Password အသစ်ကို ထပ်ထည့်ပေးဖို့အတွက် New Password နဲ့ Confirm Password ပေးရမယ့် Box တစ်ခုကို မြင်ရမှာပါ။ New Password မှာ ကိုယ်ထည့်ချင်တဲ့ Password ကို ထည့်ပြီး Confirm Password မှာလဲ အပေါ်မှာ ထည့်ထားတဲ့ Password အတိုင်း တူအောင် ရိုက်ပေးရပါမယ်။ ကိုယ်ရိုက်တဲ့ Password မှန်ရင် အစိမ်းရောင်နဲ့ Passwords match ဆိုတဲ့ စာတန်းကိုတွေ့ရပါလိမ့်မယ်။ အကုန်မှန်ပြီဆိုရင် Fig-8 မှာ ပြထားတဲ့အတိုင်း Change Password ကိုကလစ်လိုက်ပါ။




Fig-8

Password တွေကို ဒီလိုပြန်လုပ်လိုက်တော့ အစကဖွင့်လို့ မရတဲ့ ကိုယ့်ရဲ့ Facebook Account ဟာ ပြန်ပြီး ပွင့်လာတာကို တွေ့ရပါလိမ့်မယ်။ ဒါပေမယ့် လုပ်နည်းမှန်ကန်ဖို့တော့ လိုအပ်ပါတယ်။ အောင်မြင်စွာ






Fig-9

ပြီး သွားရင်တော့ Fig-9 မှာ မြင်ရတဲ့ ပုံအတိုင်း Facebook Home Page ကို ရောက်လာပါတယ်။ Password Error ကို ဒီနည်းနဲ့ ဖြေရှင်းနိုင်ပါလိမ့်မယ်။



# Log in

## ဝင်လို့ရပြီး
## သုံးမရတဲ့ပြဿနာ

တစ်ခါတစ်လေမှာ Facebook Account က သုံးနေရင်းနဲ့ သုံးမရတော့ပဲ Fig-1 မှာ တွေ့ရသလိုမျိုးပဲ Logout တစ်ခုပဲ အလုပ်လုပ်လို့ ရတာကို တစ်ချို့တစ်လေတွေ ကြုံဖူးပါလိမ့်မယ်။ ဒီလို Error တွေဖြစ်တတ်တာကတော့ ဖွင့်နေကျ Browser တွေ မဟုတ်ဘဲ၊ တခြား ကြားခံနယ်တစ်ခုခု ခံလိုက်တဲ့ အချိန်၊ ဒါမှမဟုတ် သူတို့ရဲ့ Privacy တစ်ခုခုကို ချိုးဖောက်လိုက်တဲ့ အချိန်တွေမှာ အများဆုံး ဒီလို Error တွေကို တွေ့





Fig-1

ရပါလိမ့်မယ်။ ဒီလိုတွေဖြစ်တဲ့ အချိန်မှာ မလုပ်တတ် မကိုင်တတ်နဲ့ အကောင့်ကို မသုံးနိုင်ဘဲ ဒီတိုင်းထားလိုက်ရတာတွေ ဖြစ်ဖူးပါလိမ့်မယ်။ အဲ့လိုတွေ မဖြစ်ရအောင်လို့ ဒီနည်းအတိုင်း ဖြေရှင်းသွားရင် ရပါတယ်။ Fig-1 မှာ ပြထားတဲ့ပုံအတိုင်း Step 1 အဆင့်ကို စတင်ကျော်ဖြတ်ဖို့ အတွက် Review Activity ကို ကလစ်လိုက်ပါ။

Review Activity ကို တစ်ချက် ကလစ်လိုက်တဲ့ အချိန်မှာ Fig-2 မှာ တွေ့ရတဲ့ ပုံအတိုင်း Security challenge ကို ဖြေပေးရမှာ ဖြစ်ပါတယ်။ ဒီနေရာမှာ မပီမပြင်နဲ့ စာလုံးတွေကို သေချာဖတ်ပြီး မှန်အောင် ရိုက်ထည့် ပေးရပါမယ်။ ဒါကြောင့် Text in the box ဆိုတဲ့ စာသား နောက်မှာ ကိုယ်မြင်ရတဲ့ ပုံစံအတိုင်း ရိုက်ထည့်ပေးလိုက်ပါ။ ဒီနေရာမှာ တော့ တစ်ယောက်နဲ့ တစ်ယောက် စာလုံးချင်းတူညီမှာ မဟုတ်ပါဘူး။ မှားသွားရင်လည်း ပြန်ပြီးတော့ နောက်ထပ် စာလုံးအသစ် ထပ်ကျလာပါ လိမ့်မယ်။ အခုစာလုံးကို မှန်မှန်ရိုက်ထည့်ပြီး Submit ဆိုတဲ့ Button လေးကို ကလစ်လိုက်ပါ။




Fig-2

Submit လုပ်လိုက်ပြီးတဲ့ အချိန်မှာတော့ Step 2 အနေနဲ့ အခု ဖွင့်နေတဲ့ Facebook Location ဟာ တူညီမှုရှိမရှိ ဆိုတာကို Confirm လုပ်ပေးရမယ့် နေရာပဲ ဖြစ်ပါတယ်။ ဒီ Facebook ကို ဖွင့်နေကျနေရာက မဟုတ်ပဲနဲ့ တခြား Familiar မဖြစ်တဲ့ နေရာတွေက ဖွင့်တဲ့အတွက် Error တက်သွားတာကြောင့် နေရာနဲ့ပတ်သတ်တဲ့ အကြောင်းအရာကို မေးတာပဲ ဖြစ်ပါတယ်။ အဲ့ဒါကြောင့် ဒီ Step 2 အဆင့်မှာတော့ Fig-3 မှာ ပြထားတဲ့အတိုင်း This is Okay ဆိုတာကို ကလစ်ပေးလိုက်ပါ။




Fig-3

Step 2 ပြီးသွားလို့ Step 3 အဆင့်မှာတော့ Review Information ဆိုတဲ့ Facebook Account ပိုင်ရှင်နဲ့ ပတ်သက်တဲ့ အချက်အလက်ကို စစ်ဆေးခြင်းပဲ ဖြစ်ပါတယ်။ Step 4 အဆင့်ကတော့ နောက်ဆုံးအဆင့်ဖြစ်တဲ့ Restore Account ကိုယ့်ရဲ့ အကောင့်ကို ပြန်လည်ရယူခြင်းပဲ ဖြစ်ပါတယ်။ အဲ့ဒါကြောင့် အခု Fig-4 မှာ မြင်ရတဲ့ပုံအတိုင်း Return to Facebook Home ဆိုတာကို တစ်ချက်ကလစ် လိုက်ပါ။






Fig-4

Return to Facebook Home ဆိုတာကို ကလစ်လိုက်တဲ့ အချိန်မှာတော့ သုံးလို့မရတော့ဘဲ ဒီတိုင်းထား လိုက်ရတော့မယ့် ကိုယ့်အကောင့်က ပြန်လည်ရရှိလာတာကို Fig-5 မှာ တွေ့ရတဲ့ ပုံအတိုင်း မြင်ရပါလိမ့်မယ်။




Fig-5

ဒီနေရာကနေ ကိုယ်သုံးစရာ ရှိတာတွေကို ပြန်ပြီး အသုံးပြုလို့ ရပါပြီ။ အားလုံး အဆင်ပြေကြမယ်လို့ မျှော်လင့်မိပါတယ်။



# Profile
## အသုံးပြုခြင်း

Facebook Account သစ် ဖွင့်ပြီးပြီ ဆိုတာနဲ့ ပြင်ဆင်စရာရှိတာတွေကို ပြင်ဆင်ဖို့အတွက် ဆိုရင်တော့ Profile ဆိုတဲ့ Link ကို သုံးတတ်ရပါမယ်။ အသစ်စဖွင့်ခါစက မရေးတတ်တဲ့၊ မရေးချင်တဲ့ နေရာတွေမှာ ပြန်ရေးချင်ရင်ပဲ ဖြစ်ဖြစ်၊ Information ကိုရေးထားတာထက် ပိုပြီး အင်တာနက် ပေါ်တင်ချင်ရင်ပဲ ဖြစ်ဖြစ် ကိုယ်လုပ်ချင်တာတွေကို ဒီ Profile မှာ ထပ်ဖြည့်၊ ပြန်ပြင်တာတွေ လုပ်နိုင်ပါတယ်။ အဲဒီအတွက် ပထမဆုံး www.facebook.com မှာ ကိုယ့်အကောင့်ကို ဝင်လိုက်ပါ။ Facebook Home page ကျလာ ပါလိမ့်မယ်။ အဲ့ဒီနေရာမှာ ကိုယ်ပြင်ချင်တဲ့ နေရာတွေကို ပြင်ဖို့အတွက် ညာဖက် အပေါ်နားမှာ ရှိတဲ့ Fig-1 မှာ ပြထားတဲ့အတိုင်း Profile ကို တစ်ချက် ကလစ်လိုက်ပါ။ ဒီနေရာမှာတင် မပြင်သေးဘဲနဲ့ အသေးစိတ် ပြင်ချင်လို့ သူ့အောက်နားမှာ ရှိတဲ့ Edit Profile ဆိုတာကို ထပ်ပြီးတော့ ကလစ်ပြီး Profile Page ကို ရောက်အောင်သွားလိုက်ပါ။




Fig – 1

Edit Profile ကို ရောက်တဲ့အခါမှာတော့ Fig(2) က ပုံအတိုင်း မြင်ရမှာပါ။ ဘယ်ကော်လံမှာ ရှိတာတွေကတော့ နောက်ထပ်·အသေးစိပ် ပြန်လည် ပြင်ဆင်နိုင်တဲ့ Profile ခွဲတွေပဲ ဖြစ်ပါတယ်။ အခုဆိုရင် Basic Information နေရာမှာ ရောက်နေတာကို တွေ့ရပါလိမ့်မယ်။ ဒီနေရာမှာ ကိုယ်ပြင်ချင်တဲ့ အရာတွေကို ပြန်လည်ပြင်ဆင် နိုင်ပါတယ်။ အရင် New Account လုပ်တုန်းက Sex ကို ရွေးပေးခဲ့ ရပါတယ်။ တကယ်လို့ ကိုယ်က ဒါကို မဖော်ပြထားချင်ဘူး ဆိုရင် Show my sex in my profile ရဲ့ ရှေ့ check box မှာရှိတဲ့ အမှန်ခြစ်လေးကို ဖြုတ်ခဲ့ပါ။ ဖော်ပြချင်တယ် ဆိုရင်တော့ ဒီတိုင်းပဲ ထားလိုက်ပါ။ သူ့ရဲ့ အောက်နားမှာတော့ Birthday ကို Profile မှာ ဖော်ပြရေး၊ မဖော်ပြရေးကို စိတ်ကြိုက် ရွေးချယ်ခွင့် ရှိပါတယ်။ Year ကို ဖြုတ်ပြီး Month နဲ့ Day ကို ဖော်ပြချင်ရင် Show only month &day in my profile, တကယ်လို့ ကိုယ့်မွေးနေ့ကို လုံးဝ မသိစေချင်ဘူး ဆိုရင်တော့ Don't show my birthday in my profile ဆိုတာကို ရွေးပေး

လိုက်ရုံပါပဲ။ တခြား ကိုယ်ပြင်ချင်တာရှိရင် ပြင်ဆင်ပြီး နောက်ဆုံးမှာ တော့ အောက်နားမှာ ရှိတဲ့ Save Changes ကို ကလစ်ပြီး ကိုယ်ပြင်ခဲ့တာ တွေကို Activate လုပ်လိုက်ပါ။





Fig – 2

နောက် တစ်နေရာကတော့ Profile Picture ပြောင်းတာပါပဲ။ Profile picture ကလည်း အရင်ကထည့်ထားတာ ရှိပါတယ်။ ဒါပေမယ့် အခု ဒါကို မတင်ချင်တော့ဘဲနဲ့ တခြားဟာ တင်မယ်ဆိုရင် Browse Button မှာ ကလစ်ပြီး တခြားပုံတွေ တင်နိုင်ပါတယ်။ webcam ရှိရင် လည်း တစ်ခါတည်း လက်ရှိ ကိုယ့်ပုံကို တန်းတင်နိုင်ပါသေးတယ်။ အခုတော့ Fig – 3 မှာ ပြထားတဲ့ ပုံလေးကို သဘောကျလို့ ထပ်မပြောင်း တော့ဘူး။ နောက်တစ်ခု သွားကြည့်ရအောင်။

အခု Fig-4 မှာ ရောက်နေတဲ့ နေရာကတော့ Featured People လို့ခေါ်တဲ့ အသွင်အပြင်ဆိုင်ရာ ပြင်ဆင်တဲ့ နေရာပဲ ဖြစ်ပါတယ်။





Fig – 3

အောက်မှာ ပြထားတဲ့အတိုင်း Relationship Status မှာ ကိုယ့်ကိုယ်ကို ထုတ်ဖော် ကြော်ငြာ နိုင်ပါတယ်။ ဒီနေရာမှာလည်း ကိုယ်ပြင်ချင်တာ ပြင်ဆင်ပြီးပြီ ဆိုရင် Save Changes နဲ့ ကိုယ်ပြင်ခဲ့တဲ့ Profile ကို Save လုပ်ပေး လိုက်ပါ။




Fig – 4

Featured People ရဲ့ အောက်မှာရှိတဲ့ Profile ပြင်တဲ့နေရာ တစ်နေရာကတော့ Education and Work ကို အသေးစိတ်ပြင်တဲ့ နေရာပဲဖြစ်ပါတယ်။ ဒါကလည်း အကောင့်သစ် ဖန်တီးတုန်းက General အနေနဲ့ ထည့်ခဲ့ ပြီးသားပါပဲ။ ကိုယ်လုပ်တဲ့ အလုပ်၊ တက်တဲ့ ကျောင်း၊ ဘွဲ့ရခဲ့သည့် တက္ကသိုလ်စတာတွေကို အသေးစိတ် ပြန်ပြင်ရေးတာပါပဲ။ ကိုယ်ပြန်ပြင်ချင်တဲ့ နေရာနဲ့ တည့်တည့်ဘေးတိုက်မှာ Edit ဆိုတာကို Click လိုက်ရင် အသေးစိတ် ပြင်ဆင်ရမယ့် နေရာကျလာ ပါလိမ့်မယ်။ ပြီးရင် Fig (5) မှာ ပြထားတဲ့အတိုင်း Save changes ကို click ပြီး ပြင်ဆင်လိုက်တာတွေကို သိမ်းလိုက်လို့ ရပါတယ်။





Fig – 5

Philosophy နေရာမှာလည်း ကိုယ့်စိတ်ကြိုက် ပြန်လည် ပြင်ဆင်နိုင်ပါတယ်။ Religion မှာ ကိုယ်ကိုးကွယ်တဲ့ ဘာသာ၊ Political Views၊ ကိုယ့်ကို တွန်းအားပေး လှုံ့ဆော်တဲ့ သူ၊ နောက်ထပ် နှစ်သက်တဲ့ ဆောင်

ပုံတွေကိုလည်း ဖော်ပြထားလို့ ရပါတယ်။ အကုန် စိတ်ကြိုက် ပြင်ပြီး သွားပြီ ဆိုရင်တော့ Save Changes နဲ့ ကိုယ် လုပ်ခဲ့တာလေးတွေကို သိမ်းပြီး Profile မှာ Activate ဖြစ်၊ မဖြစ် ဆိုတာကို Fig-6 မှာ တွေ့ရတဲ့ View My Profile ကနေ သွားကြည့်လို့ ရပါတယ်။




Fig – 6

ကိုယ့် Facebook ရဲ့ Profile Page မှာ Information စုံစုံလင်လင် တင်ထားနိုင်ပါတယ်။ အခုလည်း Arts and Entertainment မှာ ကိုယ် နှစ်သက်တဲ့ အကြောင်းအရာကို စိတ်ကြိုက်စီမံခန့်ခွဲပြီး Save လုပ် လိုက်ပါ။ ပထမဆုံး Music Box မှာ စာလုံးတစ်လုံး ရေးလိုက်တာနဲ့ ကျလာတဲ့ Music အမျိုးအစား၊ အဆိုတော် စတာတွေကို စိတ်ကြိုက် ကလစ်နှိပ်ပြီး ရွေးနိုင်ပါတယ်။ ထပ်ပြီးတော့ ရွေးချင်သေးတယ်ဆိုရင်လည်း သူ့နေရာနဲ့ သူ နေရာတကျ ဖြစ်သွားမှာပါ။ အဲဒီလိုပဲ Books ,Movies, Television, Games စတာတွေကို ကိုယ့်စိတ်ကြိုက် Internet ပေါ်မှာ တင်ထားချင်ရင် Fig (7) မှာ တွေ့ရတဲ့အတိုင်း လာတင်နိုင်ပါတယ်။





Fig – 7

Sports မှာလည်း ကိုယ်ကစားတတ်တဲ့ အားကစားတွေ၊ စိတ်ဝင်စားတဲ့ teams တွေ၊ သဘောကျတဲ့ အားကစားသမားတွေကို ရွေးချယ်ဖော်ပြ ထားနိုင်ပါတယ်။ ဒီလို Profile မှာ ပြည့်ပြည့်စုံစုံ ဖော်ပြထားတဲ့အတွက် Facebook မှာ ရှိတဲ့ Friends တွေ အချင်းချင်း ရင်းနှီးမှု ပိုမိုရရှိစေပါတယ်။ စိတ်ဝင်စားရာ Groups တွေလည်း ဖွဲ့ပြီး ဆွေးနွေးတိုင်ပင်




Fig – 8

တာတွေ ပြုလုပ်လို့ ရပါတယ်။ Profile မှာ Sports အကြောင်း ဖြင့်တာကိုတော့ Fig-8 မှာ မြင်ရ ပါလိမ့်မယ်။ Save Changes လုပ်ပေးဖို့တော့ မမေ့ပါနဲ့။ မေ့သွားရင် ကိုယ်လုပ်နေတာတွေ အလဟဿ ဖြစ်သွားဦးမယ်။





Fig – 9

Fig-9 မှာ မြင်ရတဲ့ ပုံကတော့ Activites and Interests အကြောင်း ရေးရမယ့်နေရာပဲ ဖြစ်ပါတယ်။ ပါဝင်လှုပ်ရှားခဲ့တဲ့ လုပ်ဆောင်ချက်တွေရှိရင် Activities နေရာမှာ ရေးလိုက်ပါ။ ရေးပြီးသွားပြီဆိုရင် အောက်မှာ With နဲ့ Description ဆိုတဲ့ Box ကျလာပါလိမ့်မယ်။ အဲ့ဒီနေရာမှာလည်း ထပ်ပြီးတော့ ထည့်ချင်တယ်ဆိုရင် ထည့်ပြီး Add Activity ကို ကလစ်နှိပ်လိုက်ပါ။ Interests မှာ စိတ်ပါဝင်စားတဲ့ အကြောင်းအရာတွေ ရေး။ ပြီးရင်တော့ Save Changes ကို ကလစ်နှိပ်လိုက်ပါ။

Profile Information ရဲ့ နောက်ဆုံး အချက်အလက်ကတော့

Contact Information အကြောင်း ရေးသားတာပဲ ဖြစ်ပါတယ်။ ကိုယ်ဖော်ပြချင်တဲ့ Data ကို ဖော်ပြပေးပြီး မရေးချင်တဲ့ Data တွေကို ချန်ထားလိုက်ပါ။ အခုဆိုရင် Profile Information ပြောင်းတာတွေ၊ ပြန်လည် Change တာတွေ ပြီးသွားပါပြီ။





Fig – 10

နောက်ပိုင်း ပြန်ပြောင်းချင်တယ်ဆိုရင်လည်း Fig (10) မှာ တွေ့ရတဲ့အတိုင်း ဒီနေရာကနေပဲ ပြန်လည်ပြောင်းနိုင်ပါတယ်။





# သူငယ်ချင်းတွေ ဖိတ်ခေါ်ခြင်း (၁)

Facebook သုံးတဲ့ အခါမှာလည်း G-talk အသုံးပြုသလိုပဲ သူငယ်ချင်း အချင်းချင်း chatting ထိုင်လို့ ရနိုင်သလို online မှာတင်ပဲ Game တွေ အတူတူဆော့လို့ ရပါတယ်။ ဒါကြောင့် Facebook သုံးရင်း သူငယ်ချင်းတွေ တိုးစေဖို့အတွက်ကတော့ တခြားသူတွေကို ကိုယ့်အကောင့်ထဲက သူငယ်ချင်းတွေ ဖြစ်စေဖို့အတွက် ဖိတ်ခေါ် ရမှာ ဖြစ်ပါတယ်။ ဒီလို ဖိတ်ခေါ်ဖို့အတွက်လည်း နည်းလမ်းများစွာ ရှိပါတယ်။

Facebook အကောင့်သစ် စ,ဖွင့်တုန်းက အကောင့်ဖွင့်တာ ပြီးပြီးချင်း Mail Address ကနေ ကိုယ့် Mail ထဲမှာရှိတဲ့ သူငယ်ချင်းတွေကို ဖိတ်ခေါ် ခဲ့ပြီးပါပြီ။ အခုနောက်ထပ် နည်းတွေနဲ့ ထပ်ပြီးဖိတ်ခေါ် ကြည့်ရအောင်။

Facebook Menu တွေရှိတဲ့ ညာဖက်အပေါ်နားမှာ Find Fri-ends ဆိုတာကို ကလစ်နှိပ်လိုက်ပါ။ ဒါဆိုရင် သူ့ Page ကို Fig-1 က ပုံအတိုင်းပဲ မြင်ရမှာပါ။ တခြား မေးလ်တွေနဲ့ ထပ်ပြီး Friends တွေကို Invite လုပ်ချင်လုပ်လို့ ရပါတယ်။ သူ့ရဲ့အောက်နားမှာ People You May Knowဆိုတာနဲ့အတူ Facebook သုံးတဲ့ သူတွေရဲ့ Address တွေ




Fig-1

တစ်ဆက်တည်း ဖော်ပြထားတာကို တွေ့ရပါလိမ့်မယ်။ ဒါကို ဘာကြောင့် ဒီလိုမြင်ရတာလဲဆိုရင် Privacy setting မှာ အကုန်လုံးကို Everyone လို့ ရွေးထားလို့ပဲ ဖြစ်ပါတယ်။ Privacy အကြောင်းကို နောက်ပိုင်း အခန်း တွေမှာ အသေးစိတ် လေ့လာနိုင်ပါတယ်။

အခုလိုမျိုး Fig-2 မှာ မြင်ရတဲ့အတိုင်း Friends List တွေကို မြင်ရ




Fig-2

ပါလိမ့်မယ်။ ကိုယ့် Facebook မှာ သူငယ်ချင်းအဖြစ် ပေါင်းထည့်ချင်တဲ့ သူတွေရှိရင် Add as Friend ဆိုတာကို click ပေးလိုက်ပါ။

Add as Friends ကို ကလစ်နှိပ်လိုက်တဲ့ အချိန်မှာတော့ Request လုပ်တဲ့ Alarm box လေးတစ်ခု ကျလာပါလိမ့်မယ်။ ကိုယ်က သူငယ်ချင်း အဖြစ် တောင်းဆိုတဲ့အတွက် Send Request ဆိုတာလေးကို ကလစ်နှိပ် ပေးလိုက်ပါ။




Fig-3

နောက်တစ်ယောက်ကို ထပ်ပြီး Invite ထပ်လုပ်ချင်ရင် လည်း ဒီတိုင်းပဲ ထပ်ပြီးတော့ Add as Friend မှာ ကလစ်နှိပ် ပြီးရင် Fig-3 မှာလိုပဲ Send Request ကို တစ်ချက်ကလစ်နှိပ်ပြီး သူငယ်ချင်းတွေကို ဖိတ်ခေါ် လို့ ရပါတယ်။



# သူငယ်ချင်းတွေ ဖိတ်ခေါ်ခြင်း (၂)

အခု နောက်ထပ် တစ်နည်းကတော့ ကိုယ်က ကိုယ့်သူငယ်ချင်းရဲ့နာမည် သော်လည်းကောင်း၊ သူသုံးတဲ့ အကောင့် သော်လည်းကောင်း တစ်ခုခုကို သိတယ်ဆိုရင် အဲ့ဒီသဲလွန်စလေးနဲ့ People Search ဆိုတဲ့နေရာမှာ လိုက်ရှာလို့ ရနိုင်တဲ့နည်းပဲ ဖြစ်ပါတယ်။ Facebook ထဲဝင်လိုက်ပြီဆိုရင် ဘယ် Page ကိုပဲ ရောက်ရောက် Fig -1 အလယ်အပေါ်ဆုံးနားမှာ မြင်ရတဲ့ Search box တစ်ခုကို တွေ့ရမှာပါ။ အဲ့ဒီနေရာမှာ ကိုယ်ရှာချင်တဲ့ လူနာမည် သော်လည်းကောင်း၊ အကောင့် နာမည်ကိုလည်းကောင်း၊ တခြား ကိုယ်သိတာရှိရင် တခြားအကြောင်းအရာကို ရိုက်ထည့်လိုက်ပါ။ ပြီးရင် Enter ခေါက်လိုက်ပါ။ ဒါဆိုရင် ပုံမှာတွေ့ရတဲ့အတိုင်း ကိုယ်ရှာလိုက်တဲ့ နာမည်နဲ့ အနီးစပ်ဆုံး တူတဲ့ Results တွေထွက်လာပါ လိမ့်မယ်။ အဲဒီထဲမှာ ကိုယ်သိတဲ့သူ၊ ကိုယ်ရှာနေတဲ့သူ ပါရင်သူ့နာမည်ရဲ့ နောက်မှာ Add as a friend ဆိုတဲ့ Button တစ်ခုကို တွေ့ရမှာပါ။ အဲ့ဒီနေရာကို တစ်ချက် ကလစ်နှိပ်ပြီး ကိုယ့် Facebook နဲ့ Link ချိတ်ပြီး သတင်းအချက်အလက်တွေကို တစ်ခဏအတွင်း ဝေမျှပြီး အသိဉာဏ်ပညာ ဖလှယ်နိုင်ပါပြီ။ ဒါကတော့ နာမည် တစ်စိတ်တစ်ပိုင်းကိုသိပြီး Internet Facebook ပေါ်မှာ Facebook Search box နဲ့ လိုက်လံရှာဖွေနည်းပဲ ဖြစ်ပါတယ်။




Fig -1

Fig-2 မှာ တွေ့ရတဲ့ ပုံကတော့ ခဏနေက Add as friend လုပ်လိုက်တဲ့အတွက် ကိုယ်လုပ်လိုက်တဲ့ Friend ရဲ့ List မှာရှိတဲ့ Friends ကိုပါ ထပ်ပြီးတော့ သူငယ်ချင်းအဖြစ် ထပ်ပေါင်းချင်လား ဆိုပြီးတော့ မေးတဲ့ Friend Request Sent Box တစ်ခုပဲ ဖြစ်ပါတယ်။တကယ်လို့ ဒီလိုသူ့ရဲ့ သူငယ်ချင်းကိုပါ ထပ်ပြီး Invite လုပ်ချင်တယ်ဆိုရင် Add as friend မှာပဲ ထပ်ကလစ် ပေးလိုက်ပါ။ မလုပ်ချင်ရင်တော့ အောက်က close button ကိုပဲ ကလစ်နှိပ်ပြီး ထွက်လိုက်လို့ ရပါပြီ။

ကိုယ် Invite လုပ်လိုက်တဲ့ သူငယ်ချင်းတိုင်းကို ကိုယ်နဲ့သိလား၊ မသိဘူးလား။ ဒါမှမဟုတ် Send Request or Cancel ဆိုတဲ့ Alarm box တွေ တစ်ခုမဟုတ်တစ်ခု တက်လာတာကို တွေ့ရပါလိမ့်မယ်။ ဘာလို့ မတူညီတဲ့ ပုံစံနဲ့ ပေါ်လာရသလဲဆိုရင် ကိုယ်ဖိတ်ခေါ်လိုက်တဲ့ သူရဲ့ အသုံးပြုတဲ့ Privacy Settings ပေါ်မူတည်ပြီးတော့ အပြောင်းအလဲတွေ ဖြစ်သွားရတာပဲ ဖြစ်ပါတယ်။ ပေါ်လာတဲ့ အခြေအနေပေါ် မူတည်ပြီးတော့ Instruction အတိုင်း လုပ်သွားပေး လိုက်ယုံပါပဲ။ အခု ဒီမှာ





Fig -2

တော့ ကိုယ်ဖိတ်ခေါ်ချင်တဲ့ သူကို ရှာတွေ့ပြီး ဖြစ်တဲ့အတွက် Fig-3 မှာ တွေ့ရတဲ့ပုံအတိုင်း I know Deva ဆိုတာကို တစ်ချက်ကလစ်နှိပ် လိုက်ပါတော့မယ်။






Fig -3




Fig -4

အခု Fig-4 မှာ မြင်ရတဲ့ မြင်ကွင်းကတော့ ကိုယ် Invite လုပ်လိုက်တဲ့ Friend က ပြန်ပြီး Accept လုပ်တဲ့အတွက် သူ့ရဲ့ Page၊ သူရေးတဲ့စာ၊ သူတင်တဲ့ ဓာတ်ပုံ၊ စတာတွေကို Facebook စဖွင့်ဖွင့်ချင်းမှာတင် Latest News တွေကို မြင်တွေ့ရမှာ ဖြစ်ပါတယ်။ ဒါကတော့ သေသေချာချာ ရေရေရာရာ မသိပဲ နာမည်တစ်စိတ်တစ်ပိုင်း၊ အကြောင်းအရာတစ်စိတ်တစ်ပိုင်းကိုပဲသိပြီး ရှာဖွေတဲ့နည်းပဲ ဖြစ်ပါတယ်။





# Facebook မှာ Chatting ထိုင်ခြင်း

Gtalk, Vzo တွေမှာ chatting လုပ်နိုင်သလိုပဲ Facebook မှာလည်း Chatting ထိုင်လို့ ရပါတယ်။ Chatting ကို Group လိုက် chatting ထိုင်နိုင်သလို၊ One by One လည်း စကားပြောနိုင်ပါတယ်။ ကိုယ် Online မှာ ရှိတာကို မသိစေချင်ဘူး ဆိုရင်လည်း Offline အနေနဲ့ ဒီ chat ကို မသုံးပဲ ကိုယ့် Profile မှာတင်ပဲ တိတ်တိတ် ဆိတ်ဆိတ်နေလို့ ရပါတယ်။ Chatting စတော့မယ် ဆိုရင်တော့ Fig-1 မှာ တွေ့ရတဲ့ ပုံအတိုင်း ညာဖက်




Fig-1

အောက်နားမှာ ရှိတဲ့ Chat(5) ဆိုတာကို ကလစ်ပြီး စတင်အသုံးပြု နိုင်ပါတယ်။ ဒီနေရာမှာ chat ရဲ့ ဘေးမှာပေါ်နေတဲ့ နံပါတ်ကတော့ Online မှာ ရှိနေပြီး Facebook သုံးနေတဲ့ Friends အရေအတွက်ပဲ ဖြစ်ပါတယ်။

ကိုယ်ပြောချင်တဲ့ သူကို တစ်ချက်ကလစ် လိုက်တာနဲ့ ကိုယ်ပြောချင်တဲ့ သူရဲ့နာမည်နဲ့အတူ Pop up box နဲ့ နောက်တစ်ခု ပေါ်လာတာကို တွေ့ရမှာပါ။ တခြား Chat website တွေကို သုံးတဲ့ ပုံစံအတိုင်းပဲ စာရိုက်ရမယ့် နေရာမှာ ရိုက်ပြီး Enter ခေါက်လိုက်တာနဲ့ Fig (2) မှာ မြင်ရတဲ့ အတိုင်း တစ်ဖက်လူဆီ ရောက်သွားတာကို တွေ့ရပါလိမ့်မယ်။ ကိုယ့်ရဲ့ Facebook Profile ကို သုံးနေတဲ့အခါမှာ ဒီ Chat box က ရှုပ်နေတယ်လို့ ထင်ရင် Box ရဲ့ အပေါ်အပြာရောင်လိုင်းကို တစ်ချက်ကလစ်ပြီး Restore လုပ်ထားလို့ ရပါတယ်။





Fig-2

အခု Fig-3 မှာ မြင်ရတဲ့ ပုံစံကတော့ Chat list မှာရှိတဲ့ Title မှ Option ကို ကလစ်လိုက်လို့ ထပ်ပြီး Pop up menu တစ်ခုကို ထပ်မြင်ရတဲ့ မြင်ကွင်းပဲ ဖြစ်ပါတယ်။အဲ့ဒီနေရာမှာ Offline အနေနဲ့ နေချင်တယ်ဆိုရင် Go offline ကို တစ်ချက်ကလစ်နှိပ်ပြီး နေလို့ရပါတယ်။ သီချင်းနားထောင်နေရင်းနဲ့ chatting လုပ်တဲ့အခါမှာ တစ်ဖက်လူက စကားပြောလိုက်လို့ စာတတ်လာတဲ့အချိန်မှာ အသံတွေထွက်လာရင် အနှောက်အယှက် ဖြစ်တတ်ပါတယ်။







Fig-3

အဲ့လိုမဖြစ်စေဖို့အတွက် Play Sound for New messages ရဲ့ အမှန်ခြစ်လေးကို ဖြုတ်ထားလိုက်ပါ။ ဒီလိုစကား ပြောပြီး သုံးတဲ့နေရာမှာ Emotional Icons လို့ခေါ်တဲ့ချစ်စရာ Icons လေးတွေနဲ့လည်း အသုံးပြုနိုင်ပါတယ်။ ကိုယ့်ဖက်က ရိုက်ထည့်လိုက်တဲ့ Emotional Icons တွေ ဥပမာ - :) :( :/ >:( :'( :-* <3 စတဲ့ ဒီလိုချစ်စရာ Icons လေးတွေကိုလည်း အသုံးပြုပြီး Chatting ထိုင်လို့ ရပါတယ်။ Chatting ထိုင်ရင်း သူငယ်ချင်း မိတ်ဆွေပွားများနိုင်ကြပါစေ။



# အုပ်စုလိုက် စကားပြောခြင်း



Facebook ကို သုံးတဲ့အခါမှာ တစ်ဦးချင်းစီ သီးသန့်စကားပြောတာကို လုပ်နိုင်သလို၊ အဖွဲ့လိုက် အကြောင်းအရာ တစ်ခုကို ဆွေးနွေးတဲ့ သဘောမျိုးနဲ့ စကားပြောတာကိုလည်း နောက်ပိုင်းတွေမှာ ပြုလုပ်လာနိုင်တာကို တွေ့ရပါတယ်။ ကိုယ်က ဦးဆောင်ပြီး Group တစ်ခုဖွဲ့ပြီး အသုံးပြုနိုင်သလို၊ တခြားသူတွေရဲ့ Group chat ထဲမှာလည်း ဝင်ရောက်ပြောဆို နိုင်ပါသေးတယ်။ အသုံးပြုလေ့ရှိတဲ့ အကြောင်းအရာ အများစုကတော့ သီချင်းအကြောင်း၊ ရုပ်ရှင်အကြောင်း၊ ကွန်ပျူတာအကြောင်း၊ ဒါမှမဟုတ် Hot ဖြစ်တဲ့ အရာတစ်ခုခုကို အားလုံး ဝိုင်းပြီးဝင်ရောက် ဆွေးနွေးတာမျိုး လုပ်ကြပါတယ်။

အခု Group chat ကို သုံးဖို့အတွက် ပထမဆုံး Facebook Account ကို Sign in ဝင်လိုက်ပါ။ ပထမ Create Group လုပ်တုန်းက အဆင့်နဲ့ ဆင်တူပါပဲ။ ဝင်ပြီးသွားပြီ ဆိုရင်တော့ Fig-1 မှာ ပြထားတဲ့ အတိုင်း Create Group ဆိုတာကို တစ်ချက်ကလစ်လိုက်ပါ။




Fig-1

Group တစ်ခုကို Create လုပ်ပြီးသွားတဲ့ အချိန်မှာတော့ Fig-2 မှာ တွေ့ရတဲ့ပုံအတိုင်း Profile Name Tom Lin Coln created the group ဆိုတဲ့ စာသားပေါ်လာတာကို တွေ့ရပါလိမ့်မယ်။ ဒါဆိုရင်တော့





Fig-2

ဖန်တီးချင်တဲ့ Group chat ဖန်တီးပြီးသွားပြီ။ ဒီ Group မှာ စုပေါင်းစကားပြောဖို့အတွက် သူငယ်ချင်းတွေကို ပေါင်းထည့်လိုက်ပါမယ်။

ကိုယ့် Group ထဲကို သူငယ်ချင်းတွေ ပေါင်းထည့်ဖို့အတွက် Add Friends to Group ဆိုတာကို တစ်ချက်ကလစ်လိုက်ပါ။ ဒါဆိုရင် Add Friends to Group Box တက်လာပြီး နာမည်တွေကို ထည့်ပေးရပါမယ်။ ဒီနေရာမှာလည်း ကိုယ်သိတဲ့ အစ K ဆိုတဲ့ စာလုံးလေးတစ်လုံးလောက် ရိုက်ထည့်လိုက်တာနဲ့ Fig-3 မှာ မြင်ရတဲ့ ပုံအတိုင်း နာမည်တွေ တန်းစီကျလာတာကို တွေ့ရပါလိမ့်မယ်။





Fig-3

ဒီနေရာကမှ ကိုယ်ပေါင်းထည့်ချင်တဲ့ သူပေါ်ကို တစ်ချက်ကလစ်လိုက်တာနဲ့ သူတို့ရဲ့ Name တွေ ဝင်သွားမှာပါ။ ကိုယ့်ထည့်ချင်တာတွေ ထည့်ပြီးသွားရင်တော့ Add ဆိုတဲ့ Button ကို တစ်ချက်ကလစ်လိုက်ပါ။


အခုဆိုရင် Group Chat ကို စပြီးသုံးလို့ ရပါပြီ။ ညာဘက်ကော်လံမှာ ရှိတဲ့ Chat with Group ဆိုတာကို ကလစ်လိုက်ရင် Online မှာရှိနေတဲ့




Fig-4

သူတွေနဲ့ Group လိုက် စကားပြောနိုင်ပါပြီ။ Group လိုက် စကားပြောပုံကို Fig – 4 က အတိုင်း မြင်တွေ့ရပါလိမ့်မယ်။

၆၇



# ဓာတ်ပုံတင်ခြင်း

Social Network အထူးသဖြင့် Facebook သုံးကြတဲ့ သူတိုင်း ကိုယ့်ရဲ့ ဓာတ်ပုံ၊ ကိုယ်နဲ့သက်ဆိုင်တဲ့ ဓာတ်ပုံ၊ လုပ်ငန်းခွင် မြင်ကွင်းစတဲ့ ကိုယ့်စိတ်ကြိုက် ပုံတွေကို Facebook မှာ တင်လေ့ ရှိကြပါတယ်။ ဒီလို ဓာတ်ပုံတင်တဲ့ အခါမှာလည်း ကိုယ့်စိတ်ကြိုက် Settings တွေကို ထားပြီး Privacy ရှိရှိ အသုံးပြုနိုင်ပါတယ်။ ဓာတ်ပုံတင်တော့မယ်ဆိုရင် ဘယ်ဘက် ဘေး ကော်လံ Links မှာရှိတဲ့ အထဲမှာ Photos ဆိုတာကို တစ်ချက် ကလစ်ပြီး Photos ထည့်ဖို့ Page ကို ဝင်ရောက် နိုင်ပါတယ်။ Photos





Fig-1

ထဲကို ရောက်ပြီဆိုရင် Fig-1 မှာ တွေ့ရတဲ့ ပုံအတိုင်း Profile Pictures ဆိုတဲ့ Alblum တစ်ခုနဲ့ နောက်ထပ် Upload More Photos ဆိုတာကို တွေ့ရပါလိမ့်မယ်။ ဓာတ်ပုံ တင်ချင်ပြီဆိုရင် အပေါ်နားမှာရှိတဲ့ Upload photos ကို ကလစ်၊ ဒါမှမဟုတ် Profile Pictures ဘေးက Upload More Photos ဆိုတာကို ရွေးပေးလိုက်ပါ။





Fig-2

ဓာတ်ပုံ တင်ဖို့အတွက် Upload More Picture ကို ကလစ်လိုက်တဲ့ အချိန်မှာ Upload Photos ဆိုပြီး တော့ box တစ်ခု ထပ်ကျလာတာကို Fig-2 က ပုံအတိုင်းမြင်တွေ့ရပါလိမ့်မယ်။ ဒီနေရာမှာ ချက်ချင်းဓာတ်ပုံတွေကို Upload တင်လို့ မရပါဘူး။ ဓာတ်ပုံ တင်နိုင်ဖို့အတွက် Fig-2 မှာ ပြထားတဲ့အတိုင်း Try the Simple Uploader ဆိုတာကို တစ်ချက် ကလစ်လိုက်ပါ။

Try the Simple Uploader ဆိုတာကို ကလစ်လိုက်တဲ့ အချိန်မှာ Fig-3 မှာ တွေ့ရတဲ့ ပုံအတိုင်း Create Album ဆိုပြီးတော့ ဓာတ်ပုံတွေကို

စုစုစည်းစည်း ဖြစ်စေဖို့အတွက် Album တစ်ခု ဖန်တီးနိုင်တဲ့ နေရာတစ်ခုကို တွေ့ရပါ လိမ့်မယ်။ နောက်ပိုင်း ဓာတ်ပုံတွေ အများကြီး ဖြစ်လာတဲ့ အချိန်မှာ ဒီလို Album အလိုက် သူ့နာမည်နဲ့သူ ခွဲထားလိုက်ရင် နောက်ထပ် ကိုယ်ထည့်ချင်တဲ့ ပုံတွေထည့်ဖို့အတွက် နေရာကို စဉ်းစားနေစရာမလိုပဲ ချက်ချင်းရွေးပြီး ထည့်နိုင်ပါတယ်။ Album Name ပေးလိုက်တာကောင်းတဲ့အတွက် Album တစ်ခု Create လုပ်လိုက်ရအောင်။




Fig-3

ဒီလို Photo တွေ ထည့်တဲ့အခါမှာလည်း Fig-3 မှာ တွေ့ရတဲ့အတိုင်း ကိုယ့်သူငယ်ချင်းတွေကိုပဲ ကြည့်စေချင် Friends Only ကို ရွေးပေးပြီး၊ လူတိုင်းကို ကြည့်စေချင်တယ်ဆိုရင်တော့ သူ့ Auto မှာ ပေးထားတဲ့ Everyone ကို ရွေးပေးလိုက်ပါ။ ဒီထက်ပိုပြီး အသေးစိတ် ပြင်ချင်တယ်ဆိုရင်တော့ Customize ကို ရွေးပေးပြီး စိတ်ကြိုက်ပြင်ဆင် နိုင်ပါတယ်။ ဒီလိုစိတ်ကြိုက် Name of Album နဲ့ Location ကို ရွေးပြီး setting ပါ ပြင်ပြီး သွားရင်တော့ Create Album ကို တစ်ချက်ကလစ်လိုက်ပါ။

Album တစ်ခု Create လုပ်လိုက်တာနဲ့ Fig- 4 မှာ တွေ့ရတဲ့ အနေအထားအတိုင်း ပုံတွေကို upload တင်ရမယ့် Browse button တွေကို တွေ့ရပါလိမ့်မယ်။ ဒီနေရာမှာ တင်လို့ရတဲ့Photo File Type အမျိုးအစားတွေကတော့ JPG, GIF နဲ့ PNG အမျိုးအစားတွေ တင်လို့ရပါ





Fig-4

တယ်။ File Size အရမ်းကြီးလွန်းရင်လည်း ဓာတ်ပုံတင်တဲ့အချိန် အရမ်းကြာတတ်ပါတယ်။ ဓာတ်ပုံတွေကို တစ်ခါတင်ရင် 4 ပုံ 5 ပုံ တစ်ပြိုင်နက်တည်း တင်နိုင်ပါတယ်။ ဓာတ်ပုံတင်ရမယ့် နေရာအနေအထားကို Fig-4 မှာ တွေ့ရတဲ့ပုံအတိုင်း မြင်ရပါလိမ့်မယ်။





Fig-5

Browse button ကို ကလစ်လိုက်လျှင် Fig – 5 မှာ မြင်ရတဲ့ အတိုင်း ကိုယ်ရဲ့ပုံတွေ တင်ဖို့အတွက် File Upload ဆိုတဲ့ Pop Up box တစ်ခု တက်လာတာကို တွေ့ရပါလိမ့်မယ်။ ကိုယ်တင်ရမယ့် ပုံလမ်းကြောင်းကို ရွေးချယ်ပေးဖို့အတွက် Box ပဲ ဖြစ်ပါတယ်။ ကိုယ်တင်ချင်တဲ့ ပုံနေရာ ရောက်အောင် သွားလိုက်ပါ။ ရောက်လို့မှ ပုံကို ရှာမတွေ့ဘူး ဆိုရင် View Menu မှ Thumbnails ဆိုတာကို ရွေးလိုက်တာနဲ့ ပုံတွေကို မြင်လာ ရပါလိမ့်မယ်။ အဲဒီမှာ ကိုယ်တင်မယ့် ပုံကို Select ပေးလိုက်ပါ။ ပြီးရင် Open မှာ တစ်ချက်ကလစ်လိုက်ပါ။





Fig-6

ပုံရွေးချယ်ပြီးသွားလို့ Facebook ပေါ်တင်ဖို့အတွက် Upload လုပ်နေတဲ့ ပုံစံကို Fig-6 မှာ တွေ့ရတဲ့ ပုံအတိုင်း Loading တက်နေတာကို တွေ့ရမှာပါ။ ဒီနေရာမှာ ကြာချိန်က ပုံရဲ့ ဆိုဒ်ကြီးရင် ကြီးသလောက် ပုံများရင် များသလောက် စောင့်ပေးရပါလိမ့်မယ်။ ဒီလို Loading လုပ်နေတဲ့ အချိန်မှာ အလုပ်လုပ်နေတဲ့ Page မှာရှိတဲ့ တခြား Link တွေကို

သွားမကလစ်မိဖို့ အရေးကြီးပါတယ်။ ဒီလိုတခြား Link ကိုရောက် သွားရင် ဓာတ်ပုံတင်တာ ရပ်သွားပါလိမ့်မယ်။ ဒါကြောင့် ဒီအဆင့်မှာတော့ Fig-6 မှာ တွေ့ရတဲ့အတိုင်း Loading ပြီးတဲ့ အထိ စောင့်လိုက်ပါ။

Loading ပြီးတဲ့အထိ စောင့်ပြီး သွားရင်တော့ Fig-7 မှာ တွေ့ရတဲ့ အတိုင်း Upload Complete ဖြစ်သွားတာကို တွေ့ရပါလိမ့်မယ်။ ဒီလိုမြင်





Fig-7

ကွင်း မြင်ရပြီဆိုရင် ဓာတ်ပုံတင်တဲ့ကိစ္စ ပြီးသွားပါပြီ။ ဒီဓာတ်ပုံကို အပြီးသတ် တင်ဖို့အတွက် Upload Complete အောက်မှာ ရှိတဲ့ Publish Now ကို တစ်ချက် ကလစ်လိုက်ပါ။

Publish Now ကို ကလစ်လိုက်တာနဲ့ Caption နေရာမှာ ဒီဓာတ်ပုံ နဲ့ ပတ်သတ်တဲ့ အကြောင်းအရာတွေကို ရေးချင်ရင် ရေးနိုင်တဲ့ Page တစ်နေရာကို ထပ်ရောက်လာပါလိမ့်မယ်။ သူ့ရဲ့ ဘယ်ဘက်မှာရှိတဲ့ ဓာတ်ပုံရဲ့ အောက်နားမှာတော့ ဒီဓာတ်ပုံကို album cover အဖြစ် အသုံး ပြုချင်ရင် သုံးချင်တဲ့ သက်ဆိုင်ရာဓာတ်ပုံရဲ့စာ This is album cover ရဲ့

ရှေ့ check box မှာ တစ်ချက် ကလစ်လိုက်ပါ။ သူ့ Auto အနေနဲ့ ကတော့ အပေါ်ဆုံးမှာရှိတဲ့ ဓာတ်ပုံကို Album cover အဖြစ် အသုံးပြု ထားတာကို တွေ့ရပါလိမ့်မယ်။ ဒီအဆင့်မှာမှ ကိုယ်မကြိုက်တဲ့ ပုံကို ဖျက်ပစ်ချင်တယ်ဆိုရင် Delete this photo ရဲ့ရှေ့ check box ကို on ပေးလိုက်တာနဲ့ ဖျက်သွားပါလိမ့်မယ်။ Fig-8 မှာတော့ အပေါ်ကပုံလေး ကို ပိုကြိုက်လို့ This is album cover မှာ check on ထားလိုက်ပါပြီ။





Fig-8

အခုဆိုရင်တော့ Cartoon Album အောက်မှာ ကိုယ်နှစ်သက်တဲ့ ပုံလေးတွေ အစီအရီဝင်သွားတာကို Fig-9 က ပုံအတိုင်း တွေ့ရပါလိမ့် မယ်။ အခုဆိုရင် အဆင်ပြေပြေနဲ့ ဓာတ်ပုံတွေကို စုဆောင်းထားလို့ ရပြီ လို့ ထင်ပါတယ်။ နောက်ထပ် ဓာတ်ပုံတွေကိုလည်း ဒီ album အောက်မှာ ထပ်ထည့်ချင်တယ်ဆိုရင်လည်း အခု Fig-9 မှာ တွေ့ရတဲ့ Add More Photos နေရာကို ကလစ်ပြီး အပေါ်ကအဆင့်တွေအတိုင်း ထပ်ထည့်လို့




Fig-9

ရပါတယ်။ နောက်ထပ် New Album တွေ ထပ်လုပ်ချင်တယ်ဆိုရင်လည်း စိတ်ကြိုက်ထပ်ထည့်လို့ ရပါတယ်။





# Events

## ပေါင်းထည့်ခြင်း

Facebook မှာ Events ထည့်တယ်ဆိုတာက ကိုယ့်ရဲ့ဌာန၊ ကုမ္ပဏီ စတဲ့ နေရာတွေမှာ ပွဲလုပ်တာပဲ ဖြစ်ဖြစ်၊ Seminar တစ်ခု လုပ်ချင်ရင်သော်လည်းကောင်း ဖိတ်စာသဘောမျိုး ဖိတ်ပြီးကြေညာတဲ့အနေနဲ့ Events မှာ ကြော်ငြာနိုင်ပြီး ကိုယ်ဖိတ်ချင်တဲ့ သူတွေကို ဖိတ်နိုင်ပါတယ်။ ဒီလိုဖိတ်တဲ့ နေရာမှာလည်း အချိန်၊ နေရာ အတိအကျ ပေးပြီး သေသေချာချာ Events ကို Create လုပ်နိုင်ပါတယ်။ Event တစ်ခု Create လုပ်မယ်ဆိုရင် Fig-1 မှာ တွေ့ရတဲ့အတိုင်း ကိုယ့်အကောင့်ကို Sign in ဝင်၊




Fig-1

ပြီးရင် ဘယ်ဘက်မှာရှိတဲ့ Events ဆိုတာကို တစ်ချက်ကလစ် နှိပ်လိုက်ပါ။ ကလစ်လိုက်ရင် Events ရဲ့ အောက်အခွဲမှာ Friends Events, Birthdays, နဲ့ Past Events ဆိုတာကို တွေ့ရပါလိမ့်မယ်။ Event တစ်ခု Create လုပ်ဖို့အတွက် ပထမဆုံး Create an Event ကို ၂ နေရာတွေ့ရတဲ့ အထဲမှကြိုက်တဲ့ တစ်ခုကို ကလစ်နှိပ်လိုက်ပါ။

Create an account ကို ကလစ်နှိပ် လိုက်တာနဲ့ Fig-2 မှာမြင်ရတဲ့ပုံအတိုင်း Events တစ်ခု ကိုယ့် profile မှာ ထပ်ပေါင်းပြီး





Fig-2

သူငယ်ချင်းတွေကို သတင်းပေးဖို့အတွက် Information ဖြည့်ဖို့ နေရာကို အဆင်သင့် တွေ့ရပါလိမ့်မယ်။ ဒီနေရာမှာ အချိန်အတိအကျနဲ့ ဘာအတွက်ဒီ Events ကို Create လုပ်တဲ့အကြောင်းကို အပြည့်အစုံ ရေးပေး ရပါမယ်။ When? ဆိုတဲ့ နေရာမှာ အချိန်ရေး၊ What are you planning? မှာတော့ ပုံမှာ တွေ့ရတဲ့အတိုင်း ဒီ Event က ဘာအတွက်ဆိုတာကို ရေးပြီး Where? ဆိုတဲ့နေရာမှာ ကျင်းပမယ့် နေရာကို ရေးပေးရပါမယ်။ More Info? ဆိုတဲ့ နေရာမှာတော့ Event ရဲ့အကြောင်းကို ချဲ့ကားပြီးပြောချင်ရင် ပြောလို့ရတဲ့ နေရာပါပဲ။ Who's invited? နေရာမှာ

တော့ ကိုယ်ဖိတ်ချင်တဲ့သူငယ်ချင်းတွေရဲ့ Lists ကို ရွေးချယ်လို့ရပါတယ်။

Create Event ဆိုတဲ့ Button ကို ကလစ်နှိပ် လိုက်တာနဲ့ Fig-3 မှာ မြင်ရတဲ့အတိုင်း ကိုယ်ထည့်ချင်တဲ့ Event တစ်ခု Facebook မှာ ထည့်ပြီးသွားပါပြီ။ ဒီနေရာမှာ အခု Create လုပ်ထားတဲ့ Event ကို ပြန်ပြင်ချင်ရင် Edit Event ဆိုတဲ့ နေရာမှာ ပြင်ဆင်နိုင်ပြီး၊ ဖိတ်ချင်တဲ့သူတွေကို message ထပ်ပေါင်းထည့်ပြီး ဖိတ်လို့ ရပါတယ်။




Fig-3

အခု လုပ်မယ့် Seminar ကို ဖိတ်ချင်တဲ့ သူတွေကို Personal Private အဖြစ် ဖိတ်ချင်ရင် Select Guests to Invite ကို တစ်ချက် ကလစ်နှိပ် လိုက်ရင် Fig-4 မှာ မြင်ရတဲ့ ပုံအတိုင်း Pop up Box ပေါ်လာပြီး ပေါ်လာတဲ့ Profile picture တွေထဲမှ ကိုယ်ဖိတ်ချင်တဲ့ သူကို တစ်ချက် ကလစ်ပြီး အမှန်ခြစ် Select ပုံလေးဝင်အောင် လုပ်လိုက်ပါ။

နောက်ထပ် Email ကနေ ဖိတ်ချင်တယ် ဆိုရင်လည်း Invite People via Email မှာ Mail တွေကို (,) ကော်မာ ခံပြီး ဖိတ်နိုင်ပါတယ်။ နောက်ထပ် Personal Message တွေကိုလည်း Add a Personal Message Box မှာ ရေးနိုင်ပါသေးတယ်။






Fig-4

ပြီးရင်တော့ Send Invitations ကို ကလစ်နှိပ် လိုက်ပါ။ ဒါဆိုရင်တော့ Events တစ်ခုကို Create လုပ်ပြီး Friends တွေကို ဖိတ်ကြားနိုင်ပါပြီ။



၈၁



# Facebook Background

## ထည့်ခြင်း

Facebook ကို ဒီတိုင်းသုံးတာထက် Background လှလှလေးတွေနဲ့ အလှဆင်ပြီး အသုံးပြုနိုင်ပါပြီ။ ဒီလိုသုံးဖို့အတွက် Plug-in တစ်ခုတော့ Download လုပ်ပြီး Install လုပ်ပေးဖို့တော့ လိုအပ်ပါတယ်။ Plug-in Download လုပ်ဖို့အတွက် Fig-1 မှာ တွေ့ရတဲ့အတိုင်း လက်ရှိသုံးနေတဲ့ Browser မှာ http://www.fbskins.com/facebooklayouts/





Fig-1

help.php လို့ ရိုက်ထည့်လိုက်။ ဒီလို ရိုက်ထည့်လိုက်တာနဲ့ Download လုပ်ရမယ့် Box တစ်ခုကျလာပြီး Save File ကို တစ်ချက် ကလစ်လိုက်ပါ။ ဒီ Website ထဲကို ဝင်လိုက်တာနဲ့ Instruction တွေပါ အဆင်သင့်ပါလာတာကိုလည်း တွေ့ရပါလိမ့်မယ်။

Save file ကို ကလစ်လိုက်တဲ့အခါမှာ Download ချနေတဲ့ မြင်ကွင်းကို ခဏလေး မြင်ရပါလိမ့်မယ်။ File size က 193kb ပဲ ရှိတဲ့





Fig-2

အတွက် မြန်ဆန်တာကို တွေ့ရပါလိမ့်မယ်။ Download လုပ်သွားပြီးသွားတဲ့ ပုံစံကို Fig-2 မှာ မြင်ရတဲ့မြင်ကွင်းအတိုင်း မြင်ရပါလိမ့်မယ်။ အခုဆိုရင်တော့ FBLayoutsPlugin.exe ဆိုတဲ့ File ကို Install စလုပ်ရပါတော့မယ်။





Fig-3

Install လုပ်ဖို့ အတွက် Download သိမ်းထားတဲ့ နေရာမှာ Double click လုပ်လိုက်ပါ။ Open File Security Warning ဆိုတဲ့ စာတန်းနဲ့ Box တက်လာရင်တော့ Run ကို ကလစ်ပေးလိုက်ပါ။ ဒါကတော့ Background အဖြစ် အသုံးပြုချင်တဲ့ Plug-in ကို Brower မှာ Install လုပ်နေတာပဲ ဖြစ်ပါတယ်။




Fig-4

Run မှာ ကလစ်လိုက်တဲ့ အခါမှာတော့ Welcom to the FB Layouts & Extras Setup Wizard ဆိုတဲ့ Page တစ်ခု ကျလာရင်တော့ အခု setup လုပ်နေတာ ဆက်လက်လုပ်ကိုင်ဖို့ အတွက် Next button ကိုပဲ တစ်ချက် ထပ်ကလစ်လိုက်ပါ။

နောက်တစ်ဆင့် ကတော့ FB Layouts မှာ Extras အနေနဲ့ Facebook Layout အပြင် Google Home Page Layout ကိုပါ ထပ်သွင်းချင်တယ်ဆိုရင် Fig-5 မှာ ပြထားတဲ့ အတိုင်း Start Skins Google Skins နေရာမှာ အမှန်ခြစ်လေးပေးလိုက်ပါ။ တကယ်လို့ မလိုချင်ဘူးဆိုရင်တော့





Fig-5

ဒီအမှန်ခြစ်လေးကို ဖြုတ်ပစ်ခဲ့လိုက်ပါ။ ပြီးရင်တော့ Install ဆိုတာကိုပဲ ထပ်ကလစ် လိုက်ပါ။

Install လုပ်ပြီးသွားတဲ့ အချိန်မှာတော့ FB Layouts နဲ့ Google Layout Setup လုပ်တာ ပြီးသွားကြောင်းကို Completing the FB





Fig-6

Layouts & Extras Setup Wizard ဆိုပြီးတော့ ပြလာပါ လိမ့်မယ်။ ဒီလို ပေါ်လာပြီ ဆိုရင်တော့ နောက်ဆုံးအဆင့်ကို Fig-6 မှာ ပြထားတဲ့အတိုင်း Finish ကို ကလစ်ပြီး Setup Install လုပ်တာကို အဆုံးသတ် လိုက်ပါ တော့မယ်။

Install လုပ်ပြီး သွားရင်တော့ Browser ရဲ့ Add-ons ကို သွား ကြည့်လိုက်ပါ။ Tools Menu မှ Add-ons ကို ရွေးလိုက်တာနဲ့ Fig-7 မှာ





Fig-7

မြင်ရတဲ့ Add-ons box ကို တွေ့ရပါလိမ့်မယ်။ Add-ons မှာ FB layouts & Extras ဆိုတာကို တွေ့ပြီဆိုရင်တော့ ခဏနေက Install လုပ်လိုက်တဲ့ Facebook Layout က မှန်မှန်ကန်ကန်နဲ့ ပြီးသွားပါပြီ။ Add-ons ကို စစ်ဆေး ပြီးသွားပြီ ဆိုရင်တော့ နောက်ပိုင်း ဘယ်လို layout ရွေးတယ် ဆိုတာကို ဆက်လက် စမ်းသပ်ကြည့်ရအောင်။

Fig-8 မှာ ဆိုရင် Facebook Layouts ထည့်ဖို့အတွက် Layouts လှလှလေးတွေကို အများကြီး တွေ့ရပါလိမ့်မယ်။ ကိုယ်လိုချင်တဲ့

Layout လှလှလေး တွေ့ပြီဆိုရင် Select Layout မှာ ကလစ်ပြီး ရွေး လိုက်ပါ။ နောက်ထပ် ဒီ Layout တွေကို သိမ်းထားပြီး နောက်ပိုင်းပြန် အသုံးပြုချင်တယ်ဆိုရင် Save ကို ကလစ်ပြီး သိမ်းထားနိုင်ပါတယ်။ Layout ရဲ့ မြင်ကွင်းကိုလည်း Preview အနေနဲ့ ကြည့်နိုင်ပါ သေးတယ်။ အခုတော့ ကြိုက်တာလေးကို တွေ့လို့ Fig-8 မှာ ပြထားတဲ့အတိုင်း Select Layout ကို ရွေးလိုက်ပြီး ပြောင်းလဲသွားပုံကို ထပ်ကြည့်ရအောင်။





Fig-8

အခု ဆိုရင်တော့ Fig-9 မှာ တွေ့ရတဲ့ပုံအတိုင်း ပုံလှလှလေးနဲ့ Layout လေးကို ရှုမြင်ခံစားခွင့် ရပါပြီ။ Layout ကို တစ်ခါပဲ ရွေးယုံနဲ့ ရပါတယ်။ကိုယ့်Facebook Account ကို ဖွင့်ပြီး Profile ကို သွားလိုက်ရင် ဒီလိုပုံလေးနဲ့ မြင်ရမှာပဲ ဖြစ်ပါတယ်။ မကြိုက်လို့ ထပ်ပြောင်းချင်တယ် ဆိုရင်လည်း သူ့ website မှာ သွားပြောင်းလို့ ရပါတယ်။ Facebook မှာတင် ဆိုရင်လည်း Select New Skin ဆိုတဲ့ နေရာကို ကလစ်ပြီး




Fig-9

Layout ကို ပြန်ရွေးပေး နိုင်ပါတယ်။ အခုဆိုရင် Background Layout လှလှလေး ဖန်တီးမှုကတော့ ပြီးသွားပါပြီ။ အားလုံး အဆင်ပြေကြမှာပါ။





# Facebook Group ဖွဲ့ခြင်း

Group ဖွဲ့တယ်ဆိုတာကတော့ ကိုယ့်ဆီမှာ အရင်းနှီးဆုံး သူငယ်ချင်း၊ မိသားစု စတဲ့သူတွေကို သီးသီးခြားခြား ဖြစ်သွားအောင် Group ဖွဲ့၊ Privacy နဲ့ ထိန်းချုပ်ပြီး သီးသန့်အသုံးပြုနိုင်ပါတယ်။ Group အတွင်းမှာ ပေးထားတဲ့ Comment တွေကို အပြင်တခြားလူတွေ မသိအောင်လည်း လုပ်ထားလို့ ရပါသေးတယ်။ Group ဖွဲ့တဲ့ နည်းကလည်း ဒီနောက်ပိုင်းမှ Facebook က အသစ်ထပ်ထည့်ပေးထားတဲ့ New





Fig-1

Feature တစ်ခုပဲ ဖြစ်ပါတယ်။ စသုံးတော့မယ်ဆိုရင် Fig-1 မှာ တွေ့ရတဲ့ အတိုင်း ဘယ်ဘက်ကော်လံမှာရှိတဲ့ Folder ပုံစံနဲ့ Create Group ဆိုတာ ကို ကလစ်လိုက်တာနဲ့ Create Group ဆိုတဲ့ Box တစ်ခု ပေါ်လာပါ လိမ့်မယ်။

ပေါ်လာတဲ့ Create Group Box မှာ Group ဖွဲ့ချင်တဲ့ Group Name, For example (family, closefriends, relatives) အစရှိတဲ့ နာမည် တွေကို Group Name အနေနဲ့ပေးလို့ ရပါတယ်။ ဒါကြောင့် ဒီမှာတော့ Group Name ကို Close Friends ဆိုပြီးတော့ ရိုက်ထည့်လိုက်ပါမယ်။ Members ဆိုတဲ့ အကွက်မှာတော့ ကိုယ့်ရဲ့ Facebook မှာရှိတဲ့ သူငယ် ချင်းတွေထဲကမှ Close Friends အဖြစ် ခွဲထုတ်ချင်တဲ့သူရဲ့ Email address အစလေးကို ရိုက်ထည့် ပေးလိုက်တာနဲ့ ကျလာတဲ့ နာမည်အပြည့်အစုံ ကို Fig – 2 မှာ တွေ့ရတဲ့ ပုံအတိုင်း ကလစ်ပေးလိုက်ရင် သူ့ဟာနဲ့ သူ့အဆင် ပြေစွာ ရောက်ရှိသွားပါလိမ့်မယ်။





Fig-2

ကိုယ်ကြိုက်သလောက် နာမည်တွေကိုထည့်နိုင်ပါတယ်။ ပြီးရင်တော့ Privacy နေရာမှာ စိတ်ကြိုက်ရွေးပေးလိုက်ပါ။ Privacy ပါ ရွေးပြီး သွားပြီဆိုရင်တော့ Create ဆိုတာကို ကလစ်ပေးလိုက်ပါ။




Fig-3

Create ဆိုတာကို ကလစ်လိုက်တဲ့ အချိန်မှာတော့ Fig-3 မှာ တွေ့ရတဲ့အတိုင်း Create Group ဖြစ်သွားတဲ့ 9 friends have been added to the group ဆိုတဲ့ box တစ်ခု ပေါ်လာပါလိမ့်မယ်။ ပေါ်လာရင် Okay ဆိုတာကိုပဲ ကလစ်ပေးလိုက်ပါ။

Fig-4 မှာတော့ You've successfully created your group ဆိုတဲ့ စာသားကို တွေ့ရပါလိမ့်မယ်။ ဒါဆိုရင်တော့ Group ဖွဲ့စည်းတာ ပြီးသွားပါပြီ။ နောက်ထပ် ထပ်ပြီးတော့ ပြင်ဆင်ချင်တယ်၊ သူငယ်ချင်းတွေ ထပ်ပေါင်းထည့်ချင်တယ်ဆိုရင် စာသားရှေ့မှာ ရှိတဲ့ Customize ဆိုတာကို






Fig-4

ကလစ်ပြီး ချက်ချင်းပြင်ဆင်နိုင်သလို Edit Group နဲ့ Edit Settings မှာလည်း ထပ်ပြီးအကျယ်ဖြန့် ပြန်လည်ပြင်ဆင်နိုင်ပါတယ်။ Group ဖွဲ့ပြီး တိုးတိုးတိတ်တိတ်နဲ့ အဆင်ပြေကြပါစေ။





# Notification
# Invite
# Friends List
# ကြည့်ခြင်း

Notification ကြည့်ခြင်း ဆိုတာကတော့ အခြားသူတွေက ကိုယ့်ကို Invite လုပ်တာပဲ ဖြစ်ဖြစ်၊ Message ပို့ရင်ပဲ ဖြစ်ဖြစ်၊ Comment လေးတွေ ရေးပေးရင်ပဲဖြစ်ဖြစ် ကိုယ့်ရဲ့ Profile မှာ အနီနံပါတ်လေးတွေနဲ့ ပေါ်လာတာကို တွေ့ရပါလိမ့်မယ်။ Fig-1 မှာ တွေ့ရတဲ့အတိုင်း ရှေ့ဆုံး





Fig-1

က 1 လို့ ပေါ်နေတာကတော့ ကိုယ့်ကို Invite လုပ်ထားတဲ့ Friends အရေအတွက် ပေါ်နေတာပဲ ဖြစ်ပါတယ်။ နောက်အနီနဲ့ 5 လို့ ထိပ်ပိုင်းမှာ ပေါ်နေတဲ့ အရာကတော့ ကိုယ့်ဖက်က Invite လုပ်လိုက်တဲ့ သူငယ်ချင်းတွေက လက်ခံတဲ့အတွက် Notification အမှတ်အသားနဲ့ ပြသပေးတာနဲ့၊ တင်လိုက်တဲ့ ဓါတ်ပုံ၊ စာသားတွေအတွက် Comment ရေးပေးတာတွေရဲ့ မဖတ်ရသေးတဲ့ အရေအတွက်ကို ဖော်ပြပေးထားတာပဲ ဖြစ်ပါတယ်။ အလယ်ကမှိန်နေတဲ့ တစ်ခုကတော့ ကိုယ့်ဆီကိုပို့လိုက်တဲ့ Messages အရေအတွက်ကို ဖော်ပြပေးတာပဲ ဖြစ်ပါတယ်။ Message ရှိရင် လင်းနေပြီး အပေါ်မှာ အစောင်အရေအတွက်ကိုမြင်ရမှာ ဖြစ်ပါတယ်။ အခုတော့ ပို့တဲ့သူမရှိလို့ မမြင်ရတာပါ။





Fig-2

Facebook Profile Wall ပေါ်မှာ ကိုယ်တင်လိုက်တဲ့ ဓါတ်ပုံ၊ စာသားတွေကို သဘောကျလို့ Like, comment ကို Notification အပေါ်ကို တစ်ချက် ကလစ်လိုက်တာနဲ့ Fig-2 မှာ တွေ့ရတဲ့ ပုံအတိုင်း 5 ခုဆိုရင်

စာကြောင်းရေ 5 ကြောင်းနဲ့အတူ ကျလာပါလိမ့်မယ်။ အဲ့ဒီအထဲမှာမှ အသေးစိတ် ဖတ်ချင်တဲ့ စာကြောင်းရှိရင် အဲ့ဒီအပေါ်ကို တစ်ချက် ကလစ်ပြီး ဖတ်ရှုနိုင်ပါတယ်။ Invite လုပ်လိုက်တဲ့ သူငယ်ချင်းတွေက လက်ခံလိုက်လို့ အမှတ်အသား အဖြစ် Moon Angel accepted your friend request. လို့ စာသားနဲ့ ပေါ်လာရင်တော့ ကိုယ့်ဖက်က Invite လုပ်လိုက်တာကို သူ့ဖက်ကလက်ခံလိုက်လို့ Notice ပေးတဲ့ စာသားတစ်ကြောင်းလာ ပြပေးတာပဲ ဖြစ်ပါတယ်။ ဒီလိုဖြည်ချလိုက်လို့ အကုန်ဖတ်ပြီးသွားပြီဆိုရင် ခဏနေကပေါ်နေတဲ့ အနီရောင်လေးနဲ့ 5 ဆိုတာလည်း ပျောက်သွားပြီး ပြန်မှိန်သွားပါလိမ့်မယ်။

နောက်တစ်ခု အနီရောင်နဲ့ ၁ လို့ပေါ်နေတဲ့ နေရာကတော့ ကိုယ့်ကို Invite လုပ်တဲ့သူရဲ့ ၁ အရေအတွက်ကို ဖော်ပြပေးတာ ဖြစ်တဲ့အတွက် ကလစ်လိုက်တဲ့ အချိန်မှာ Fig-3 မှာ တွေ့ရတဲ့အတိုင်း Confirm ကို ကလစ်ပေးလိုက်တဲ့ အချိန်မှာ သူဟာကိုယ့် list ထဲကို ရောက်ရှိသွား




Fig-3

တာကို တွေ့ရပါလိမ့်မယ်။ တကယ်လို့ အခုချက်ချင်း confirm မလုပ်ချင်သေးပဲ နောက်မှပဲ လက်ခံမယ်ဆိုရင်တော့ Not Now ကို ကလစ်ပြီး နောင်တစ်ချိန်မှ ပြန်ပြီး လက်ခံပေးလို့ ရပါတယ်။ အခုတော့ confirm ကိုပဲ တစ်ချက်ကလစ်ပြီး Invite friend ကို လက်ခံလိုက်ပါမယ်။





Fig-4

Fig-4 မှာ မြင်ရတဲ့ပုံကတော့ Notification မှာရှိတဲ့ အချက်အလက်တွေ အကုန်လုံးကို ဖတ်ပြီးသွားလို့ ဘာမှမကျန်တော့တဲ့ပုံကို တွေ့ရမှာပါ။ နောက်ထပ် ကိုယ့်ဆီကို Comment တွေ၊ Invite friends တွေ ရောက်လာရင် ပြန်ပြီးတော့ အနီရောင် sign နဲ့ အရေအတွက်နဲ့အတူ ပြသပေးမှာ ဖြစ်ပါတယ်။ ဒီ Notifications ကနေလည်း တခြား Friends တွေရဲ့ Page ကို ရောက်ချင်ရင် ကျလာတဲ့ Comment အပေါ်ကို Ctrl key လေး တစ်ချက်ဖိပြီး Mouse နဲ့ Click ပေးလိုက်ရင် နောက်ထပ် Tab တစ်ခုမှာ အလွယ်တကူ ပွင့်သွားတာကိုလည်း တွေ့ရမှာဖြစ်ပါတယ်။



# Profile Wall မှာ ဓာတ်ပုံတင်ခြင်း

Facebook ပေါ်မှာ တင်ချင်တဲ့ ဓါတ်ပုံတွေ Latest News တွေကို တခြားသူတွေအတွက်ပါ Share ပေးချင် တယ်ဆိုရင် အခုနည်း တွေကို အသုံးပြုလို့ ရပါတယ်။ ဓါတ်ပုံဆိုရင်လည်း ကိုယ့်ရဲ့ Wall မှာ တင်လိုက်တဲ့ ဓါတ်ပုံတွေ မှန်သမျှ Photos Alblum အောက်မှာရှိတဲ့ Wall alblum ဆိုပြီးတော့ တစ်စုတစ်စည်းတည်း သိမ်းဆည်း ပေးထားမှာပဲ ဖြစ်ပါတယ်။ အဲ့ဒီလိုပဲ ကိုယ်တင်လိုက်တဲ့ News တွေ၊ ပို့စ်တွေကိုလည်း တစ်စုတစ်စည်းတည်း ဖြစ်အောင် Save လုပ်ထားပြီးသား ဖြစ်နေပါလိမ့်မယ်။ အခုပထမဆုံး ဓါတ်ပုံကို Share လုပ်ပေး ကြည့်ရအောင်။ ကိုယ့်ဆီမှာ သတင်းထူးထူး ဆန်းဆန်းလေးတွေ ရှိတဲ့အတွက် တခြားသူတွေကိုပါ ဓါတ်ပုံနဲ့တကွ ဝေမျှပေးချင်တယ်ဆိုရင် Fig-1 မှာ တွေ့ရတဲ့ပုံအတိုင်း Photo ဆိုတဲ့ နေရာကို ကလစ်ပေးလိုက်ပါ။ Photo ကို ကလစ်ပေးလိုက်တာနဲ့ စက်ထဲမှာ ကိုယ်သိမ်းထားတဲ့ ဓါတ်ပုံတင်နိုင်ဖို့အတွက် Select an image file on your computer. ဆိုတဲ့ စာသားနဲ့အတူ Browse button ပါ တွဲရက်သားလေး မြင်ရပါလိမ့်မယ်။





Fig-1

ပုံ Share ပေးဖို့အတွက် Browse button ကို ကလစ်လိုက်တဲ့ အချိန်မှာ Fig-2 မှာ တွေ့ရတဲ့ ပုံအတိုင်း File Upload Box တစ်ခု ကျလာပြီး ကိုယ်သိမ်းထားတဲ့ ပုံနေရာရဲ့ Path လမ်းကြောင်းကို ရွေးပြီး




Fig-2

သိမ်းထားတဲ့ နေရာကို ရောက်ရင် Select လုပ်လိုက်ပါ။ ပြီးရင်တော့ Open ဆိုတဲ့ နေရာကို တစ်ချက်ကလစ် လိုက်ပါ။

ကိုယ်တင်ချင်တဲ့ ဓါတ်ပုံကို ရွေးချယ်ပြီးသွားတဲ့ အချိန်မှာတော့ Fig-3 မှာ တွေ့ရတဲ့ ပုံအတိုင်း Path လမ်းကြောင်း ဝင်သွားတာကို တွေ့ရပါလိမ့်မယ်။ ဒီလို Share လုပ်တဲ့ အခါမှာလည်း Privacy နဲ့ ထိန်းချုပ်ပြီး Share ပေးနိုင်ပါ သေးတယ်။ လူတိုင်းကို မြင်စေချင်တယ်ဆိုရင် Everyone၊ သူငယ်ချင်းတွေရဲ့ List ထဲမှာရှိတဲ့ သူငယ်ချင်းတွေကိုလည်း ထပ်မြင်စေချင်တယ်ဆိုရင် Friends of Friends၊ ဒါမှမဟုတ် ကိုယ့်သူငယ်ချင်းတွေကိုပဲ သီးသန့်မြင်စေချင်တယ်ဆိုရင် Friends Only ကို ရွေးထား နိုင်ပါတယ်။ Customize ကတော့ စိတ်ကြိုက် setting ပြင်ပြီး Share လုပ်တာပဲ ဖြစ်ပါတယ်။ ဒီမှာတော့ Everyone ကိုပဲ ရွေးထားလိုက်ပါတယ်။ ပြီးရင်တော့ Share ကို တစ်ချက်ကလစ် လိုက်ပါ။





Fig-3


Share ကို ကလစ်လိုက်တဲ့ အချိန်မှာ File Size ပေါ် မူတည်ပြီးတော့ Loading ကြာချိန်ကို စောင့်ပေး ရပါမယ်။ Loading ပြီးသွားလို့




Fig-4

ဓာတ်ပုံက Facebook Profile ပေါ် ရောက်သွားပြီ ဆိုရင်တော့ Fig-4 မှာ တွေ့ရတဲ့ ပုံအတိုင်း မြင်ရပါလိမ့်မယ်။ တကယ်လို့ ဒီပုံ၊ ဒီစာသားတွေကို သဘောကျလို့ အမှတ်အသားလေး လုပ်ပေးချင်တယ် ဆိုရင်လည်း Like, Comment, Share ဆိုတဲ့ သုံးခုရှိတဲ့ နေရာမှာ Like ကို တစ်ချက် ကလစ်ပြီး ထောက်ခံ ပေးနိုင်ပါတယ်။

ဒီပုံနဲ့ ပတ်သတ်ပြီးတော့ ထင်မြင်ချက် Comment ကို ကိုယ်တိုင် ပေးနိုင်သလို သူများတွေကလည်း ကိုယ့်ပုံကို လာပြီး Comment ပေးလို့ ရပါတယ်။ Comment ဆိုတာကို ကလစ်လိုက်ရင် စာရေးရမယ့် Box တစ်ခု ပေါ်လာပြီး ကိုယ်ရေးချင်တာလေးတွေကို ရေးပြီးရင် Enter ခေါက်လိုက်ပါ။ နောက်ထပ် Share ဆိုတာကတော့ တခြား website ရဲ့ Link တွေကိုပါ ထပ်ပြီးတော့ Share ပေးနိုင်ပါတယ်။



# Profile Wall

မှာ
သတင်းထူး
ပုံပြင်
ဝတ္ထုတင်ခြင်း

အခုတစ်ခါမှာတော့ တခြားသူတွေကို သိစေချင်၊ သတင်းပေးချင်တဲ့ Up to Date ဖြစ်တဲ့ သတင်းတွေ၊ ပုံပြင်တိုတွေ၊ ဟာသလေးတွေကို မျှဝေခံစားစေဖို့အတွက် ကိုယ့် Profile ရဲ့ Status မှာရေးပြီး Share ပေးနိုင်ပါတယ်။ Fig-1 မှာ ပြထားတဲ့အတိုင်း Status ကို တစ်ချက်ကလစ်





Fig-1

လိုက်လျှင် စာရေးသားနိုင်မယ့် Box တစ်ခုကျလာပြီး ကိုယ်ရေးချင်တဲ့ News ကိုရေး၊ Privacy ပိုင်းဆိုင်ရာကို စိတ်ကြိုက်ရွေး၊ ပြီးပြီဆိုရင် Share ဆိုတာကို ကလစ်ပေးလိုက်ပါ။ ဒါဆိုရင်တော့ ကိုယ်တင်ချင်တဲ့ Update News တွေကို သတင်းပေးပြီးသား ဖြစ်နေပါလိမ့်မယ်။ ဒီနေရာမှာလည်း Comment, Like, Share ကို အသုံးပြုနိုင်ပါတယ်။ News တွေ တင်တဲ့





Fig-2

အခါမှာ သတ်မှတ်ထားတဲ့ စာလုံးရေ ကျော်လွန်သွားမယ်ဆိုရင် တိုက်ရိုက်တင်လို့ မရတာကိုလည်း တွေ့ရပါလိမ့်မယ်။

Fig-2 မှာ တွေ့ရတဲ့ ပုံကတော့ စာသားရှည်သွားတဲ့အတွက် Edit လုပ်ဖို့ page နဲ့ ပြင်ဆင်ပြီးမှ တင်နိုင်မယ်ဆိုတဲ့ Status Update Tool Long ဆိုတာလေးကို မြင်တွေ့ရမှာ ဖြစ်ပါတယ်။ ဒီလို စာသား ပေါ်လာပြီဆိုရင် Edit As Note ဆိုတဲ့ နေရာကို တစ်ချက် ကလစ်လိုက်ပါ။ တကယ်လို့ စာလုံးရေ 420 လုံး အောက်ဆိုရင်တော့ ဒီလိုအဆင့် မပါဘဲနဲ့

တိုက်ရိုက် Profile ပေါ်မှာ Share ပေးသွားမှာ ဖြစ်ပါတယ်။ အခုတော့ သတ်မှတ်စာလုံးရေ ကျော်သွားပြီ ဖြစ်တဲ့အတွက် Edit As Note ဆိုတာကို တစ်ချက်ကလစ် လိုက်ပါ။





Fig-3

Edit As Note ဆိုတာကို ကလစ်လိုက်တဲ့ အခါမှာတော့ Fig-3 မှာ တွေ့ရတဲ့အတိုင်း စာပြင်ဆင် Edit လုပ်ရမယ့် နေရာကို တွေ့ရမှာ ဖြစ်ပြီး ဒီနေရာမှာတော့ ကိုယ်ရေးမယ့် အကြောင်းအရာကို အသေးစိတ် ပြင်ဆင်ရေးသား နိုင်ပါတယ်။ Title ဆိုရင်လည်း သင့်လျော်မယ့် ခေါင်းစဉ်လေးပေး၊ Body Para မှာလည်း စိတ်ကြိုက် Edit လုပ်ပြီး ပြန်လည်ပြင်ဆင် နိုင်ပါတယ်။ Privacy ပိုင်းမှာလည်း ရွေးခဲ့လိုက်ပါ။ အကုန်ပြီးပြီဆိုရင်တော့ Page ပေါ်ကို တင်လို့ရပါပြီ။ ဒီနေရာမှာ Publish ကို ကလစ်လိုက်တာနဲ့ အခုရေးသားနေတဲ့ Page ဟာ တန်းပြီးတော့ ကိုယ့် Profile ပေါ်ကို ရောက်သွားပါလိမ့်မယ်။ တကယ်လို့ တန်းမတင်ဘဲ

ကိုယ်ရေးထားတာ အဆင်ပြေလား မပြေလားဆိုတာကို စမ်းသပ်ကြည့်ချင်တယ်ဆိုရင်တော့ Preview ကို တစ်ချက်ကလစ်ပြီး ကြိုတင်အမြည်းအနေနဲ့ စမ်းသပ်ကြည့်ရှု နိုင်ပါတယ်။ ရေးသားထားတဲ့ သတင်းကို အခုမတင်သေးပဲ နောက်နေ့ နောက်တစ်ချိန်မှ တင်ချင်တယ်ဆိုရင်တော့ Save Draft ကို ကလစ်ပြီး သိမ်းထားနိုင်ပါတယ်။နောက်မှ ရေးပြီးသား File ကို ပြန်ခေါ် ပြီး ကိုယ့် Page ပေါ်ကို ပြန်တင်နိုင်ပါတယ်။ Discard ကတော့ ကိုယ်ရေးလိုက်တဲ့ စာတွေကို မတင်ချင်တော့လို့ ပြန်ဖျက်လိုက်တဲ့ Delete လုပ်လိုက်တာနဲ့ တူပါတယ်။ အခုတော့ ဒါကို Face-




Fig-4

book Page ပေါ် အခုတင်မှာ ဖြစ်တဲ့အတွက် အရင်ဆုံး အဆင်ပြေ,မပြေဆိုတာကို Preview ကို တစ်ချက်ကလစ်ပြီး ကြည့်လိုက်ပါဦးမယ်။

Preview ကို တစ်ချက်ကြည့်လိုက်တဲ့ အချိန်မှာတော့ Fig-4 မှာတွေ့ရတဲ့ ပုံအတိုင်း This is a preview of your note. ဆိုပြီး Previewရဲ့ အနေအထားကို တွေ့ရပါလိမ့်မယ်။ ဒီလို Preview ကြည့်လို့မှ စိတ်တိုင်း





Fig-5

မကျသေးဘူး ဆိုရင်တော့ Edit ကို တစ်ချက် ကလစ်ပြီးထပ် ပြင်ဆင်နိုင်ပါတယ်။ တကယ်လို့ ဒီပုံစံကို စိတ်တိုင်းကျပြီ တင်တော့ မယ်ဆိုရင်တော့ Publish ဆိုတာကို ကလစ်ပြီး တင်လို့ရပါပြီ။ အခုတော့ စိတ်တိုင်းကျပြီ ဖြစ်လို့ Publish ဆိုတာကို တစ်ချက်ကလစ် လိုက်ပါတော့မယ်။

Publish ကို နှိပ်လိုက်တဲ့ အခါမှာတော့ အဆုံးသတ် တင်တာပြီးဆုံးတဲ့အဆင့်ကို ရောက်ရှိ လာပါပြီ။ခေါင်းစဉ်ဆိုရင်လည်း သူ့ရဲ့ခေါင်းစဉ် နေရာမှာ ရှိနေပါလိမ့်မယ်။ ကိုယ်တင်ချင်တဲ့ စာတစ်ပုဒ်ကလည်း အဆင်ပြေစွာနဲ့ အွန်လိုင်း Facebook ပေါ်ကို ရောက်သွားတာကို Fig-5 မှာ တွေ့ရတဲ့ ပုံအတိုင်း Your note has been created. ဆိုတဲ့ စာနဲ့အတူ တွေ့ရှိ ရပါလိမ့်မယ်။ ဒီလိုပုံစံနဲ့တွေ့ရပြီ ဆိုရင်တော့ ကိုယ့်ရဲ့ Profile Wall ရဲ့ Status မှာ Share လုပ်တာ ပြီးဆုံးသွားပါပြီ။ နောက်ထပ် ဒီလိုတင်လိုက်တဲ့အတွက် ဘယ်လိုပုံစံနဲ့ မြင်ရမလဲ ဆိုတာကို ဆက်လက်ကြည့်ကြရအောင်။




Fig-6

Fig-6 မှာ တွေ့ရတဲ့ ပုံအနေအထားကတော့ ဟာသတစ်ပုဒ်ကို တစ်ဆင့်ချင်းစီ တင်လိုက်တဲ့အတွက် မြင်တွေ့ရတဲ့ မြင်ကွင်းပဲ ဖြစ်ပါတယ်။ စာသားကရှည်နေရင် ခေါင်းစဉ်ကို တစ်ချက်ကလစ်ပြီး အပြည့်အစုံကို ဖတ်ရှုနိုင်ပါတယ်။ တခြားသူတွေ ကြည့်ချင်တယ် ဆိုရင်လည်း ဒီလိုပဲ မြင်ရမှာ ဖြစ်ပါတယ်။ Like, Comment, Share ကိုလည်း အလွယ်တကူပဲ သုံးနိုင်ပါတယ်။





# Profile Wall မှာ Link ကို Share ပေးခြင်း

Profile Wall မှာ နောက်ထပ် အသုံးပြုနိုင်တာ တစ်ခုကတော့ Link နဲ့ website တွေကို Share ပေးတာပဲ ဖြစ်ပါတယ်။ ကိုယ်သဘောကျတဲ့ သူများရဲ့ website တွေကို တခြားသူတွေ အတွက်ပါ Share ပေးချင်တယ်ဆိုရင် ဒီနည်းကို အသုံးပြုနိုင်ပါတယ်။ Fig-1 မှာ ပြထားတဲ့အတိုင်း Link ကို တစ်ချက်ကလစ်လိုက်တဲ့အချိန်မှာ Website Link ရေးပေးဖို့အတွက် Box တစ်ခု ကျလာပါလိမ့်မယ်။ အဲ့ဒီနေရာမှာ Share ပေးချင်တဲ့ Link ကို ရိုက်ထည့် ပေးလိုက်ပါ။ ပြီးရင် Attach ဆိုတာကို တစ်ချက်ကလစ်လိုက်ပါ။





Fig-1

Attach ကို ကလစ်လိုက်တဲ့ အခါမှာတော့ Fig-2 မှာ မြင်ရတဲ့ ပုံအတိုင်း Attach ချိတ်ပြီး Share ပေးချင်တဲ့ Link ရောက်ရှိ သွားတာကို အဆင်ပြေစွာ မြင်တွေ့ ရပါလိမ့်မယ်။ ဒီလို Website Link ကို Share မပေးခင် ဒီ website နဲ့ ပတ်သတ်တဲ့ ကိုယ့်ရဲ့ ထင်မြင်ချက်တွေကို လည်း တင်ပြပေးချင် သေးတယ်ဆိုရင် Say Something about this link ဆိုတဲ့ နေရာကို တစ်ချက်ကလစ်ပြီး စာရေးသား တင်ပြနိုင်ပါတယ်။




Fig-2

Privacy ပိုင်းကို စိတ်ကြိုက်ရွေးပေးပြီး အကုန်စိတ်တိုင်း ကျပြီဆိုရင်တော့ Share ဆိုတဲ့ နေရာကို ကလစ်ပေးလိုက်ပါ။

Website Link တစ်ခုကို Share ပေးလိုက်တာကို တခြား Phot, status ကို share ပေးသလိုမျိုးပဲ Fig-3 မှာ တွေ့ရတဲ့ ပုံအတိုင်းတွေ့ ရပါလိမ့်မယ်။ Like, Comment, Share ကိုလည်း အသုံးပြု နိုင်ပါတယ်။ ဒါက ကိုယ့်ရဲ့ Page မှာ တင်တဲ့နည်းပါ။ တကယ်လို့ သူငယ်ချင်းတွေရဲ့ Page မှာ နှစ်သက်တဲ့ အကြောင်းအရာလေးတွေ တွေ့ရင် Like ဆို




Fig-3

တာလေးကို တစ်ချက်ကလစ်ပြီး ထောက်ခံချက် အမှတ်အသားလေး ပြုလုပ် နိုင်ပါတယ်။ ဒါမျိုးလေးတွေ လုပ်တာကို ကိုယ်ကိုယ်တိုင်က သဘောကျ နှစ်သက်သလို ကိုယ့်ရဲ့ Friends တွေကလည်း သဘောကျ နှစ်သက် ပါလိမ့်မယ်။ အဲဒီလိုပဲ ဝေဖန်ချက် Comment ပေးချင်ရင်လည်း Comment နေရာကို တစ်ချက် ကလစ်ပြီး ဝေဖန်ရေး လုပ်နိုင်ပါတယ်။ တခြား နေရာတွေမှာ Share ပေးချင်တယ်ဆိုရင်လည်း Share လုပ်နိုင်ပါတယ်။ အဆင်ပြေပြေ အသုံးပြုနိုင်ကြမှာပါ။





# Profile Wall မှာ Video ကို Share ပေးခြင်း

Facebook Profile Wall မှာ Photo, Link တွေကို Share ပေးသလိုမျိုးပဲ Video ကိုလည်း Share ပေးနိုင်ပါတယ်။ Video File ကို Share ပေးဖို့အတွက်ကိုတော့ ပိုပြီးတော့ အချိန်ပေး ရပါလိမ့်မယ်။ တခြား ဓါတ်ပုံတို့၊ စာတို့ထက် File Size က ကြီးနေလို့ပါ။ ဒါပေမယ့် အချိန်





Fig - 1

နည်းနည်းစောင့် ပေးလိုက်တာနဲ့ Facebook Wall ပေါ် ရောက်သွားတာကို တွေ့ရမှာပါ။ ဒါကြောင့် အခု Video MTV တစ်ခုကို တင်ကြည့်ရအောင်။ ပထမဆုံး Status, photo, link ရှိတဲ့ နေရာမှ video ဆိုတာကို တစ်ချက်ကလစ်လိုက်ပါ။ video ကို ကလစ်လိုက်ရင် Fig-1 မှာ မြင်ရတဲ့ ပုံအတိုင်း Record a video နဲ့ Upload a video ဆိုတဲ့ Extension ၂ မျိုးကို တွေ့ရပါလိမ့်မယ်။ အခုတော့ Upload a video from your driveကို တစ်ချက်ကလစ် လိုက်ပါ။

ဒီနေရာမှာ Record a video with webcam ဆိုတာကတော့ ကွန်ပျူတာမှာ Webcam တပ်ထားရင် တခါတည်း Video ရိုက်ပြီး Facebook ပေါ်ကို တန်းတင်တာပဲ ဖြစ်ပါတယ်။ ဒီနည်းကတော့ အသုံး





Fig-2

နည်းပါတယ်။ နောက်တစ်နည်း ကတော့ Upload a video from your drive ဆိုတဲ့ စက်ထဲမှာ အဆင်သင့် ရှိပြီးသား video ကို Share ပေးတဲ့ နည်းပါပဲ။ အခု Upload a video from your drive ကို ကလစ်လိုက်တော့ Fig-2 မှာ တွေ့ရတဲ့ ပုံအတိုင်း Select a video file on your computer

ဆိုတဲ့ စာသားနဲ့အတူ video file upload ချိတ်ပေးရမယ့် Browse button ကိုပါ တွေ့ရပါ လိမ့်မယ်။ အခုကိုယ့်ဆီမှာ ကိုယ် share ပေးချင်တဲ့ video file ပါ အဆင့်သင့် ရှိပြီဆိုရင် Browse button ကို တစ်ချက် ကလစ် လိုက်ပါ။

Browse button ကို ကလစ်လိုက်တဲ့ အခါမှာတော့ Fig-3 မှာ တွေ့ရတဲ့ ပုံအတိုင်း File Upload တင်ပေးရမယ့် Box တစ်ခုကို တွေ့ရပါ လိမ့်မယ်။ အဲ့ဒီနေရာမှာ ကိုယ်သိမ်းထားတဲ့ Video file ရဲ့ Destination





Fig-3

ကို သွားရွေးပေးလိုက်ပါ။ ရွေးပြီးသွားပြီ ဆိုရင်တော့ တစ်ချက် ကလစ် ပေးပြီး Open button ကို တစ်ချက်ကလစ် လိုက်ပါ။

တင်ချင်တဲ့ video file ကို ရွေးချယ်ပြီးသွားတဲ့ အချိန်မှာတော့ Fig-3 မှာ တွေ့ရတဲ့အတိုင်း File attach ချိတ်နေတဲ့ ပုံကိုတွေ့ရပါလိမ့်မယ်။ ဒီ Video နဲ့ ပတ်သတ်ပြီးတော့ ထင်မြင်ချက်တွေ ထပ်ပေးချင်တယ်

ဆိုရင်လည်း Say something about this video ဆိုတာကို တစ်ချက်ကလစ်ပြီး တစ်ခုခုပြောပြီးမှ တင်ချင်တယ်ဆိုရင်လည်း တင်နိုင်ပါတယ်။ ပြီးရင် Privacy ပိုင်းကိုလည်း ကြိုက်ရာရွေးချယ်ပေးခဲ့ပါ။ ဒီ Video sharing





Fig-4

လုပ်တဲ့အခါမှာတော့ Friends Only ကို auto ရွေးပေးထားတာကို တွေ့ ရပါလိမ့်မယ်။ ဒါပေမယ့် ကိုယ်စိတ်ကြိုက် share လုပ်တာကို ရွေးပေးပြီး ရင် Share ကို Fig-4 မှ အတိုင်း တစ်ချက်ကလစ် လိုက်ပါ။

Share ကို ကလစ်ပေးပြီး Sharing လုပ်လိုက်တဲ့ အခါမှာတော့ Loading တက်နေတာကို နောက်ထပ် Pop Up Window box နဲ့အတူ မြင်ရပါလိမ့်မယ်။ ဒီလို Loading တက်နေတာကို ပြီးသွားတဲ့ အထိစောင့် ပေးရမှာပါ။ File Size ကြီးရင် ကြီးသလောက် အချိန်ပေး ရပါလိမ့်မယ်။ Fig-5 တွင် Loading တက်နေသည့် ပုံစံကို မြင်ရပါလိမ့်မည်။ Loading




Fig-5

တက်တာပြီးသွားတဲ့ အချိန်မှာတော့ ကိုယ့်ရဲ့ facebook page မှာ ရှိတဲ့ video profile မြင်ကွင်းကို လှပစွာ မြင်ရမှာပါ။





Fig-6

Video File Upload တင်တာ ပြီးသွားပြီ ဆိုရင်တော့ Fig-6 မှာ တွေ့ရတဲ့ အတိုင်း Upload Complete ဆိုတာကို မြင်တွေ့ရမှာ ဖြစ်ပါတယ်။ upload ပြည့်သွားတဲ့ ပုံကို Profile Wall မှာလည်း မြင်တွေ့နိုင်မှာပါ။ အခု ဒီအဆင့်ကို အဆုံးသတ်ဖို့နဲ့ ပြင်ဆင်စရာရှိတာတွေကို ပြန်လည်ပြင်ဆင်ဖို့အတွက် Close and Edit Video ဆိုတာကို တစ်ချက်ကလစ် လိုက်ပါ။ ဒီအဆင့်မှာ သူနဲ့ ပတ်သတ်တာတွေကို ပြန်လည်ပြင်ဆင်နိုင်ပါတယ်။





Fig-7

Close and Edit Video ကို ကလစ်လိုက်တဲ့ အချိန်မှာတော့ Fig-7 မှာ တွေ့ရတဲ့ ပုံအတိုင်း ပြန်လည်ပြင်ဆင်နိုင်ပြီး ဒီ Video နဲ့ ပတ်သတ်တဲ့ သတင်းတွေ ပေးချင်ရင်ပေးနိုင်တဲ့ Page ကို မြင်ရပါလိမ့်မယ်။ Tile, Description, နဲ့ Privacy ပိုင်းဆိုင်ရာတွေကို ပြင်ဆင်ပြီးမှ Save လုပ်နိုင်ပါတယ်။ ဒီအချိန်မှာ ကိုယ်တင်လိုက်တဲ့ Video ကို မတင်ချင်တော့လို့

ပြန်ဖျက်ပစ်ချင်တယ်ဆိုရင် Delete ကို နှိပ်ပြီး ဖျက်ပစ်နိုင်ပါတယ်။ အခု Title, Description တွေမှာ ထည့်ချင်တယ်ဆိုရင် ထည့်ပြီး Save ကို တစ်ချက် ကလစ်ပြီး နောက်တစ်ဆင့်ကို သွားရအောင်။




Fig-8


အခု Fig-8 မှာ မြင်ရတဲ့ ပုံကတော့ Video ရဲ့ ခေါင်းစဉ်နဲ့ သူနဲ့ ပတ်သတ်တဲ့ အကြောင်းအရာတွေကို ဖော်ပြပြီးသွားပြီ ဖြစ်တဲ့အတွက် Profile Wall မှာ မြင်တွေ့ရမယ့် ပုံစံအသေးကို အရင်ဖော်ပြပေးတာပဲ ဖြစ်ပါတယ်။ ဒီနေရာမှာ ဒီ Video ကို နောက်ထပ် တစ်ခါတပ်ပြီး Share လုပ်ချင်တယ်ဆိုရင် နောက်တစ်ခေါက် Share လုပ်နိုင်ပါ သေးတယ်။ ဒါပေမယ့် အခုတော့ ထပ်ပြီး Share လုပ်မယ်ဆိုရင် Profile Wall မှာ Video နှစ်ခုတစ်ခါတည်း ထပ်ဆင့်ဖြစ်နေမှာစိုးလို့ မလုပ်တော့ပါဘူး။ Cancel နဲ့ပဲ ထွက်လိုက်ပါတယ်။




Fig-9

အခု Fig-9 မှာ မြင်တွေ့ရတဲ့ Video File ကတော့ ကိုယ်ကိုယ်တိုင် စနစ်တကျနဲ့ တင်လိုက်တဲ့ MTV တစ်ပုဒ်ပဲ ဖြစ်ပါတယ်။ ဖွင့်ချင်တယ်ဆိုရင် Play Button ကို တစ်ချက်ကလစ်ပြီး ကြည့်ရှု နိုင်ပါတယ်။ Profile Wall မှာ Share ပေးထားတာ ဖြစ်တဲ့အတွက် တခြားသူတွေ ကြည့်ချင်တယ်ဆိုရင်လည်း ကြည့်နိုင်မှာပါ။ အားလုံးပဲ Video File တွေကို အခက်အခဲမရှိ တင်နိုင်တော့မှာ ဖြစ်ပါတယ်။





# Facebook မှာ Game ကစားခြင်း

Facebook မှာ သုံးတာကြာလို့ ငြီးငွေ့နေတဲ့ သူတွေအတွက် Facebook Game လေးတွေကိုလည်း Free ကစားလို့ ရပါသေးတယ်။ ဂိမ်းအမျိုးအစားတွေကလည်း အများကြီးပါ။ ကိုယ်ကြိုက်နှစ်သက်တဲ့ Game ကို ရွေးပြီးကစားလို့ ရပါတယ်။ ကစားတဲ့အခါမှာ အုပ်စုလိုက်ဖွဲ့ပြီး ကစားမယ်ဆိုရင်လည်း ရပါတယ်။ Game အမျိုးပေါင်း စုံလင်စွာကို ပုံမှာ တွေ့ရပါလိမ့်မယ်။










ဒီ Game အမျိုးအစားပေါင်း များစွာထဲမှ နှစ်သက်ရာကို ကလစ်ပြီး ကစားနိုင်ပါတယ်။ ဒါပေမယ့် Facebook Game ကို ကစားကြတဲ့သူ အတော်များများဟာ ကိုယ်ကစားနေကျ Game တစ်မျိုးတည်းကိုပဲ စွဲစွဲမြဲမြဲ ကစားကြတာကို တွေ့ရပါတယ်။ Game ကစားတဲ့အခါမှာ Connection ကောင်းဖို့တော့ လိုအပ်ပါတယ်။ အခုဆိုရင် Facebook သုံးပုံကိုလည်း အတော်အတန်လောက် တီးမိခေါက်မိဖြစ်တဲ့အတွက်နဲ့ Game တစ်မျိုးနဲ့တစ်မျိုး ကစားတဲ့ပုံစံချင်း မတူညီတဲ့အတွက်ကြောင့် Game တမျိုးချင်းစီရဲ့ Instruction အတိုင်း ကစားသွားမယ်ဆိုရင်ရပါပြီ။

၁၂

# Account Setting
# အကြောင်း



Account setting ပိုင်းတွေကလည်း မသိမဖြစ် သိရှိထားသင့်တဲ့ အကြောင်းအရာတစ်ခုပဲ ဖြစ်ပါတယ်။ Facebook သုံးတဲ့ အခါမှာ ကိုယ့်ရဲ့ Account Setting ကို သေချာ Control လုပ်ပြီး သုံးစွဲနိုင်ပါတယ်။ လက်ရှိ သုံးနေတဲ့ Username ကို ပြင်ချင်ရင်ပဲ ဖြစ်ဖြစ်၊ Password ပြောင်းချင်ရင်ပဲ ဖြစ်ဖြစ်၊ ကိုယ်ပြောင်းချင်တာကို အလွယ်တကူ ပြောင်းလို့ရတဲ့ နေရာ





Fig-1

တစ်ခုပါ။ အခုပထမဆုံး ဒီလိုတွေ ပြောင်းဖို့အတွက် Facebook ထဲကို ဝင်ပြီးသွားပြီဆိုရင် Fig-1 မှာ တွေ့ရတဲ့ ပုံအတိုင်း Facebook Menu ရှိတဲ့ ညာဖက်အောက်နားက Account ဆိုတဲ့ DownArrow မှာ Account Settings ဆိုတာကို ကလစ် နှိပ်ပြီး Account Settings ထဲကို ဝင်လိုက်ပါ။

Account Setting ထဲကို ဝင်လိုက်ပါက Fig-2 မှာ မြင်ရတဲ့ Layout အတိုင်း Account setting တွေ ပြင်တဲ့နေရာကို မြင်ရပါလိမ့်မယ်။ အရင်ဆုံး Name ကို ပြင်ကြည့်ရအောင်။ ကိုယ်ပြင်ချင်တဲ့ နေရာရဲ့ တဖက်မှာရှိတဲ့ change ကို click လိုက်ပါ။ Name ပြောင်းလိုက်ရင် ဘယ်နေရာတွေမှာ ပြောင်းသွားမလဲဆိုတော့ Facebook မှာ ကိုယ့်ကိုရှာဖို့





Fig-2

အတွက် Name ပြောင်းသွားမှာပါ။ ဒီ Facebook မှာ ဆိုရင် Fig-1 မှာ Welcome To Moe Lwin, Profile Picture ရဲ့ ဘေးမှာရှိတဲ့ Moe Lwin Oo, စတဲ့ နာမည်ပေါ်တဲ့ နေရာတွေမှာ Moe Lwin Oo လို့ ပေါ်နေပါတယ်။ အခု ဒီနာမည်ကို Tomlincoln လို့ ပြောင်းကြည့်ရအောင်။

Name ကို ပြင်ဖို့အတွက် Name ကို Click လိုက်လျှင် သူနဲ့သက်ဆိုင်တဲ့ ပြင်ဆင်ရမယ့် နေရာအကျယ် ကျလာပါလိမ့်မယ်။ တခါတလေမှာ ဒီ Name ပြောင်းဖို့အတွက် ကြာချိန် 24 နာရီလောက် စောင့်ပေးရပါတယ်။ ဒါပေမယ့် ခုနောက်ပိုင်း ပြန်ပြောင်းတဲ့ အခါမှာတော့ ချက်ချင်း setting တွေဟာ ကိုယ်ပြောင်းချင်တဲ့ အချိန်မှာ ပြောင်းပေးတာကို တွေ့





Fig-3

ရပါတယ်။ Display Full Name မှာ အရင်ကိုယ်သုံးထားတဲ့ နာမည်ဟောင်းကို တွေ့ရမှာ ဖြစ်ပါတယ်။ First Name မှာ ကိုယ်ပြောင်းချင်တဲ့ နာမည်ရဲ့ ပထမနာမည်၊ နောက် Middle Name, နဲ့ Last Name ကို ရိုက်ထည့်လိုက်ပါ။ ပြီးရင် Fig-3 အတိုင်း Change Name ဆိုတဲ့ Button လေးကို Click လိုက်ပါ။

Change Name ကို ရိုက်လိုက်တဲ့ အချိန်မှာ နောက်တစ်ဆင့် Confirmation တောင်းတဲ့ Page တစ်ခု ထပ်ကျလာတာကို Fig-4 မှာ တွေ့ရတဲ့ ပုံအတိုင်း မြင်ရပါလိမ့်မယ်။ ဒီနေရာ Facebook Team က




Fig-4

အခုဒီပြောင်းတဲ့ နာမည်ဟာ Real Name ဖြစ်ဖို့ လိုတဲ့အကြောင်းနဲ့ ဒီနာမည်ကို ခဏခဏပြောင်းလို့ မရကြောင်း သတိပေးတဲ့စာပဲ ဖြစ်ပါတယ်။ ကိုယ်က သေချာတယ်၊ ပြောင်းတော့မယ် ဆိုရင်တော့ အောက်မှာရှိတဲ့ Confirm Change Button ကိုပဲ ကလစ်နှိပ်ပြီး ပြောင်းလိုက်ပါ။ ဒါဆိုရင်တော့ အရင်နာမည် Moe Lwin Oo ကနေ Tomlincoln ကို ပြောင်းသွားတာကို တွေ့ရပါလိမ့်မယ်။

အခုနောက်ထပ် Email ကို ထပ်ထည့်ကြည့်ရအောင်။ Email ထပ်ထည့်တယ်ဆိုတာက Facebook ကို ဝင်တဲ့နေရာမှာ ပြောင်းမှာ မဟုတ်ပဲနဲ့ ကိုယ့် Wall မှာ လာရေးတဲ့ စာတွေ Invite လုပ်တဲ့အခါ Mail ဆီဝင်လာတဲ့အခါ အခုထပ်ပေါင်းထားတဲ့ မေးလ်ကိုပါ Information တွေ ပို့ပေးနေပါ လိမ့်မယ်။ Fig - 5 မှာ ပြထားတဲ့အတိုင်း Password ရိုက်ထည့်ပြီး confirm လုပ်လိုက်ပါ။





Fig-5

နောက်တစ်ခုကတော့ Facebook user တွေအတွက် အသုံးဝင်တဲ့ Password ပြောင်းတဲ့နေရာ ဖြစ်ပါတယ်။ Password ပြောင်းဖို့အတွက် Password ဘေးမှာရှိတဲ့ Change ဆိုတဲ့နေရာကို ကလစ်လိုက်ရင် Fig-





Fig-6

6 မှာ တွေ့ရတဲ့အတိုင်း Password ပြောင်းရမယ့် နေရာကျလာတာကို တွေ့ရပါလိမ့်မယ်။

Old Password ဆိုတဲ့ နေရာမှာ အရင်ကသုံးနေတဲ့ Password အဟောင်းကို မှန်မှန်ရိုက်ထည့်၊ New Password နေရာမှာ အသစ်ပြောင်းချင်တဲ့ Password ကို ရိုက်ထည့်ပါ။ ပြီးရင် အောက်က Confirm Password နေရာမှာလည်း New Password မှာ ရိုက်ထားတဲ့ Password စကားလုံးကိုပဲ မှန်အောင် ရိုက်ထည့်လိုက်ပါ။ ကိုယ်ရိုက်လိုက်တဲ့ Password နှစ်ခုဖြစ်တဲ့ New Password နဲ့ Confirm Password နှစ်ခု မှန်နေရင် အောက်မှာ Passwords match ဆိုပြီး အစိမ်းရောင်နဲ့ ပြနေပါလိမ့်မယ်။ မှားရင်တော့ Passwords do not match လို့ ပြနေပါလိမ့်မယ်။

Password စာလုံးရေ အရေ အတွက်ဟာ အနည်းဆုံး (6) လုံး ရှိရပါမယ်။ အခု Passwords match လို့ ပြနေပြီဆိုရင် အောက်က Change Password ကို Click ပေးလိုက်ပါ။ နောက်ထပ် Account Setting ပိုင်းမှာ ပြင်လို့ရတဲ့ လုပ်ဆောင် ချက်တစ်ခုက Internet သုံးရင် လူတစ်ယောက်ဟာ မဖွင့်မပြီးတဲ့ G-Mail ကိုဖွင့်ပြီး Username နဲ့ Password ရိုက်ထည့်လိုက်လို့ Mail Loading တက်တာနဲ့ တစ်ပြိုင်နက်တည်း Facebook ကိုပါ တန်းပွင့်အောင်လုပ်ထားလို့ ရပါတယ်။

ဒီလိုဖြစ်အောင် လုပ်ချင်တယ်ဆိုရင် Linked Accounts ရဲ့ Change မှာ တစ်ချက်ကလစ်နှိပ်လိုက်ပါ။ ပြီးရင် Linked Account ရဲ့ Down Arrow ကို ကလစ်နှိပ်ပြီး ကိုယ်သုံးလေ့ရှိတဲ့ Program ကို ရွေးပြီး Link New Account ကို ကလစ်နှိပ်လိုက်ပါ။

ဒါဆိုရင် Facebook Password ကို ထပ်ဖြည့်ဖို့အတွက် Password box တစ်ခုကျလာ တာကို တွေ့ရပါလိမ့်မယ်။ အဲ့ဒီနေရာမှာ Password ကို ရိုက်ထည့်လိုက်ပြီးနောက် Fig-7 မှာ တွေ့ရတဲ့ Confirm ကို ကလစ် ပေးလိုက်ပါ။




Fig-7

Confrim ကို ကလစ်နှိပ်လိုက်ပါက Gmail နဲ့ ဆက်စပ်ဖို့အတွက် Connection with Google ဆိုတဲ့ Alarm Box တစ်ခု ကျလာတာနဲ့အတူ နောက်ထပ် Pop Up Window နဲ့ Gmail Sign in ဝင်ရမယ့် Email နဲ့ Password ကျလာတဲ့ပုံစံကို Fig-8 ကပုံအတိုင်း မြင်ရပါလိမ့်မယ်။






Fig-8

User-name နဲ့ Password ရိုက်ထည့်ပြီး Sign in လုပ်လိုက်ပါ။ Sign in ဝင်ပြီး သွားတာနဲ့ Gmail box ပျောက်သွားပြီး Connection Active ဖြစ်သွားမှာပါ။ ဒါလေးကလည်း သုံးရတာ အဆင်ပြေပါတယ်။



# Privacy
## အကြောင်း
## သိကောင်းစရာ(၁)

Internet မှာ တစ်ခုခု သုံးပြီဆိုရင် ကိုယ်သုံးတဲ့ အရာကို Privacy ကောင်းကောင်းနဲ့ ဘယ်လိုကာကွယ်မလဲ ဆိုတာလည်း မသိမဖြစ် သိရှိရမယ့် အရာတစ်ခုပဲ ဖြစ်ပါတယ်။ ကိုယ့်သူငယ်ချင်းတွေကို ကိုယ်သုံးနေတဲ့၊ ကိုယ်တင်ထားတဲ့ ပုံတွေကို မြင်စေရမှာ ဖြစ်ပြီး မခင်တဲ့သူတွေဆိုရင် ကိုယ့်အကြောင်းကို မသိစေရအောင် Privacy ပိုင်းမှ Setiing တွေကို သေချာပြင်ထားလို့ ရပါတယ်။ Privacy ကို စတင်သုံးဖို့အတွက် ပုံမှန်အတိုင်း Facebook Account ဝင်လိုက်ပါ။ ပြီးရင် Fig -1 မှာ တွေ့ရတဲ့





Fig – 1

အတိုင်း ညာဖက်ဘေးနားမှာရှိတဲ့ Account Menu ထဲမှ Privacy Settings ဆိုတာကို ရွေးလိုက်ပါ။

Privacy Setting ထဲကို ဝင်သွားပြီဆိုရင် Fig-2 မှာ တွေ့ရတဲ့ မြင်ကွင်းအတိုင်း မြင်ရပါလိမ့်မယ်။ ဒီမြင်ကွင်းမှာတော့ Connecting on Facebook ဆိုတဲ့ Tab နဲ့ Sharing on Facebook ဆိုတဲ့ Tab (2) ခုကို ပထမဆုံး မြင်ရပါလိမ့်မယ်။

ပထမ အပိုင်းဖြစ်တဲ့ Connecting on Facebook အပိုင်းကတော့ Facebook ပေါ်မှာ သူငယ်ချင်းတစ်ယောက်ယောက်က ကိုယ့်အကောင့်ကို ရှာချင်ရင် နာမည်၊ ဒါမှမဟုတ် Email၊ စတဲ့ တစ်ခုခုနဲ့ရှာမှာ ဖြစ်တဲ့အတွက် ကိုယ့်ရဲ့ Basic Information တွေကို Control လုပ်တဲ့ Privacy Settings တစ်ခုပဲ ဖြစ်ပါတယ်။ ဒီ Setting ကို သုံးဖို့အတွက် Fig-2 မှာ တွေ့ရတဲ့အတိုင်း View Settings ဆိုတဲ့နေရာထဲကို ကလစ်နှိပ်ပြီး ဝင်လိုက်ပါ။




Fig – 2





Fig – 3

View Setting ကို ရောက်လာတဲ့ အချိန်မှာ Fig-3 က ပုံအတိုင်း မြင်ရပါလိမ့်မယ်။ Search for you on facebook ဆိုတာကတော့ တစ်စုံတစ်ယောက်က ကိုယ့်အကြောင်းကို Internet ကနေ ရှာမယ်ဆိုရင် သိဖို့ အတွက်ပါ။ ကိုယ့်ကို လူတိုင်းက ရှာလို့ မတွေ့ရစေချင်ဘူးဆိုရင် Friends Only ကို ရွေးထားပါ။

ကိုယ့်အကောင့်ထဲက သူငယ်ချင်းရဲ့ သူငယ်ချင်းတွေကပါ ရှာလို့ ရအောင်ဆိုရင်တော့ Friends of Friends ကို ရွေးထားပေးလိုက်ပါ။

တကယ်လို့ Freedom ပဲ၊ Facebook သုံးတဲ့ သူတွေတိုင်း ကိုယ့်နာမည် ဖြစ်ဖြစ်၊ email ဖြစ်ဖြစ်၊ Nickname ဖြစ်ဖြစ် တစ်ခုခု ရိုက်ထည့်လိုက်တာနဲ့ အလွယ်တကူ ရှာဖွေတွေ့ရှိ စေချင်ရင်တော့ Everyone ကိုပဲ ရွေးထားလိုက်ပါ။

Facebook ရဲ့ Default Settings တွေကတော့ အကုန်လုံး Everyone တွေပဲ ဖြစ်နေတာကို တွေ့ရပါလိမ့်မယ်။

**Send you friend requests**

ဒီအကြောင်းကတော့ တခြားတစ်ယောက်ယောက်က ကိုယ့်ဆီကို သူငယ်ချင်း ဖြစ်ချင်တဲ့အတွက် Request တာကို ထိန်းချုပ်တဲ့နေရာပါ။

**Send you messages**

ဒီအကြောင်းက Friend တွေက Facebook ကနေ Message ပို့တဲ့ အချိန်မှာ Control လုပ်တဲ့အခါမှာ သုံးတဲ့ Privacy Setting တစ်ခု ဖြစ်ပါတယ်။ ကိုယ့်ကို လူတကာက Message မပို့စေချင်လျှင် Friends Only ကို ရွေးထားလိုက်။ တကယ်လို့ ပို့စေချင်ရင် Everyone ကို ရွေးထားလိုက်ပါ။ လူတိုင်းကို မဟုတ်ပဲ သူငယ်ချင်းရဲ့ သူငယ်ချင်းတွေကသာ ပို့စေချင်ရင် Friends of Friends ကို ရွေးထားလိုက်ပါ။

**See your friend list**

ကိုယ့် Facebook မှာရှိတဲ့ Friendlist တွေကို တခြားလူတွေကို မမြင်စေချင်ရင် Friends Only ကို ရွေးထားလိုက်။ မြင်စေချင်ရင် Everyone ကို ရွေးထားလိုက်ပါ။ သူငယ်ချင်းရဲ့ သူငယ်ချင်းတွေကို မြင်သာစေချင်ရင်Friends of Friends ကို ရွေးထားလိုက်ပါ။

**See Your Education and Work**

ကိုယ့် Facebook မှာ ဖော်ပြထားသော ပညာအရည်အချင်းနှင့် အလုပ်အကိုင်ကို တခြားလူတွေကို မမြင်စေချင်ရင် Friends Only ကို ရွေးထားလိုက်ပါ။ အားလုံးကိုပါ မြင်စေချင်ရင် Everyone ကို ရွေးထားလိုက်ပါ။

သူငယ်ချင်းရဲ့ သူငယ်ချင်းတွေကို မြင်သာစေချင်ရင် Friends of Friends ကို ရွေးထားလိုက်ပါ။

**See Your Current City and Hometown**

ကိုယ့် Facebook မှာ ဖော်ပြထားတဲ့ ယခုလက်ရှိနေတဲ့ မြို့နဲ့ မွေးဖွားရာဇာတိကို တခြားလူတွေကို မမြင်စေချင်ရင် Friends Only ကို ရွေးထားလိုက်ပါ။ အားလုံးကို ဘယ်သူပဲဖြစ်ဖြစ် မြင်စေချင်ရင် Everyone ကို ရွေးထားလိုက်ပါ။ သူငယ်ချင်းရဲ့ သူငယ်ချင်းတွေကိုသာ မြင်စေချင်ရင် Friends of Friends ကို ရွေးထားလိုက်ပါ။

**See Your Likes, Activities and Other Connections**

ကိုယ့်ရဲ့ Facebook မှာ ဖော်ပြထားတဲ့ ကိုယ်နှစ်သက်သော အကြောင်းအရာ၊ လှုပ်ရှားမှုတွေနှင့် တခြားဆက်သွယ်မှုတွေကို တခြားလူတွေကို မမြင်စေချင်ရင် Friends Only ကို ရွေးထားလိုက်ပါ။





Fig – 4

ဒီလိုမှ မဟုတ်ဘဲ အားလုံးကို မြင်စေချင်တယ်ဆိုရင်တော့ Everyone ကို ရွေးထားလိုက်ပါ။ သူငယ်ချင်းရဲ့ သူငယ်ချင်းတွေကိုသာ မြင်စေချင်ရင် Friends of Friends ကို ရွေးထားလိုက်ပါ။

အခု လုပ်ခဲ့တာတွေ အကုန်လုံးကို Preview ပြန်ကြည့်ချင်လျှင် Fig – 4 မှာ တွေ့ရတဲ့အတိုင်း Preview My Profile ဆိုတဲ့ နေရာမှာ Right Click နှိပ်ပြီး Open Link in New Tab ကို Click လိုက်ရင် Profile ရဲ့ Preview ကို မြင်ရပါမယ်။ ဒါတွေကတော့ Connecting on Facebook ဆိုတဲ့ friends တွေနဲ့ ဆက်သွယ်တဲ့ နေရာမှာ ထိန်းချုပ်ထားနိုင်တဲ့ Privacy Settings တွေပဲ ဖြစ်ပါတယ်။





# Privacy

## အကြောင်း သိကောင်းစရာ(၂)

နောက်တစ်ခုကတော့ Privacy setting မှာပဲ နောက်ထပ် အရေးပါတဲ့ Sharing on Facebook အကြောင်းပဲ ဖြစ်ပါတယ်။ ဒါကတော့ ကိုယ်က ပို့စ်တွေ တင်မယ်၊ ကွန်မန့်တွေ ရေးမယ်၊ ဓာတ်ပုံတွေ တင်တဲ့ အခါမှာ လူတိုင်းကိုသိခွင့်၊ ကြည့်ခွင့် မပေးချင်ရင် ကိုယ်တင်ထားတဲ့ အရာတွေကို ဒီ Privacy setting နေရာမှာ လာရောက် ပြင်ဆင်ထားနိုင်ပါတယ်။

ကိုယ်လုပ်တဲ့ အကြောင်းအရာတွေကို ကိုယ့်သူငယ်ချင်းတွေကိုပဲ သိစေ မြင်စေချင်ပြီး တခြားသူတွေကို မြင်ခွင့်မပေးချင်ရင် Friends Only ကို ပဲ ရွေးထားလိုက်ပါ။

Friends Only ပေါ်မှာ တစ်ချက်ကလစ် လိုက်တာနဲ့ သူ့ Settings တွေ အကုန် Active ဖြစ်သွားတာကို တွေ့ရပါလိမ့်မယ်။ Friends of Friends က သူငယ်ချင်းရဲ့ အကောင့်ထဲမှာရှိတဲ့ သူငယ်ချင်းတွေက

ကြည့်ချင်တယ်ဆိုရင် သူတို့က ကြည့်ခွင့်ရမယ့် Setting ဖြစ်ပါတယ်။ ဒီတိုင်းပဲ အားလုံးကို သိစေချင်တယ်ဆိုရင်တော့ Everyone ကို ရွေးထားလိုက်ပါ။ နောက်ထပ် အသေးစိတ် Privacy setting တွေကို ပြင်ချင်ရင် Customize Settings ကို တစ်ချက်ကလစ်လိုက်ပါ။





Fig – 1

Customize settings က Privacy Setting တွေကို Fig-1 မှာ မြင်ရတဲ့အတိုင်း ကိုယ်နှစ်သက်သလို စိတ်ကြိုက် ပြင်ဆင်နိုင်ပါတယ်။ ပထမဆုံး တစ်ခုကတော့ Things I share ဆိုတဲ့ ကိုယ်ရေးကိုယ်တာ အချက်အလက်တွေကို တခြားသူတွေနဲ့ မျှဝေကြည့်ရှုမလားဆိုတဲ့ အကြောင်းကို အသေးစိတ်ပြင်ဆင်ရေးသားတဲ့ နေရာပဲဖြစ်ပါတယ်။

Fig-2 မှာ တွေ့ရတဲ့ အကြောင်းအရာကတော့ Things others share နဲ့ Contact Information အကြောင်းကို Sharing စိတ်ကြိုက် လုပ်တဲ့အကြောင်းပဲ ဖြစ်ပါတယ်။ ကိုယ်ရေးလိုက်တဲ့၊ တင်လိုက်တဲ့






Fig – 2

စာတွေ၊ ပုံတွေနဲ့ သီချင်း၊ ဗွီဒီယိုတွေကို စိတ်ကြိုက် privacy setting မှာ ပြင်ဆင်သုံးစွဲ နိုင်ပါတယ်။ အခုဆိုရင်တော့ ကိုယ့်ရဲ့ Facebook မှာ Privacy setting ကို ကျွမ်းကျွမ်းကျင်ကျင် အသုံးပြုပြီး စိတ်ကြိုက်ပြင်ဆင် နိုင်ပါပြီ။





# Facebook Deactivate လုပ်ခြင်း

Facebook ကို Deactivate လုပ်တယ် ဆိုတာကတော့ ဒီအကောင့်ကို မသုံးချင်လို့ ဖျက်ပစ်ချင်ရင် သော်လည်းကောင်း၊ ရက်ပိုင်းမျှ ခဏတာနားထားချင်ရင်ပဲသော်လည်းကောင်း၊ ဒီ Deactivate ကို





Fig-1

အသုံးပြု ပါတယ်။ Facebook အကောင့်ကို ပြန်သုံးချင်တဲ့ အခါကျမှ ပြန်ပြီး Reactivate ပြန်လုပ်ပြီး အကောင့်ကို အရင်အတိုင်းပဲ ပြန်လည် အသုံးပြုလို့ ရပါတယ်။

တကယ်လို့ ဆန္ဒမရှိတော့လို့ လုံးဝမသုံးတော့ဘဲ နဲ့ Delete Forever လုပ်ချင်တယ် ဆိုရင်လည်းလုပ်လို့ ရပါတယ်။ အခု Deactivate လုပ်ဖို့အတွက် Facebook Sign in ဝင်ပြီး Fig-1 မှာ ပြထားတဲ့ အတိုင်း Account Settings ထဲကို တစ်ချက်ဝင်လိုက်ပါ။




Fig-2

Account Settings ထဲကို ဝင်လိုက်တဲ့ အချိန်မှာ Fig-2 မှာ ပြထားတဲ့အတိုင်း အောက်ဆုံးနားမှာ Deactivate Account ကို မြင်ရပါလိမ့်မယ်။ အကောင့်ကို မသုံးချင်သေးဘဲ ခဏနားထားချင်ရင် သူနဲ့ တန်းတန်းမှာရှိတဲ့ Deactivate ကို တစ်ချက်ကလစ် လိုက်ပါမယ်။

ဒါကို သုံးရင်လုံးဝ Delete လုပ်လိုက်တာ မဟုတ်ဘဲနဲ့ နောက်ပိုင်း

မှာ ပြန်သုံးချင်ရင် Facebook အကောင့်သုံးထားတဲ့ Gmail ရဲ့ Password ကို ရိုက်ထည့်ပေးလိုက်ရင် ပြန်ပြီးတော့ Reactivate ပြန်ဖြစ်သွားမှာပါ။ အခု တော့ ခဏနားထားချင်လို့ Deactivate ကို ကလစ်လိုက်ပါ။





Fig-3

Deactivate ကို တစ်ချက်ကလစ်လိုက်တဲ့ အချိန်မှာ Fig-3 မှာ မြင်ရတဲ့ ပုံအတိုင်း Are you sure you want to deactivate your account? ဆိုတဲ့ အမှန်တကယ် နားထားချင်တာလားဆိုတဲ့ မေးခွန်းနဲ့အတူ ဘာကြောင့်အကောင့်ကို Deactivate လုပ်ချင်ရတာလဲဆိုတဲ့ မေးခွန်းကို Check box ကို ရွေးပြီးဖြေပေး ရပါမယ်။

တကယ်လို့ တခြားအကြောင်း အရာကြောင့် ဆိုရင်တော့ Other ကို ရွေးပေးပြီး အောက်မှာရှိတဲ့ Please explain further ဆိုတဲ့ နေရာမှာ အကြောင်းပြချက် ပေးရပါမယ်။ ပြီးရင်တော့ Confirm ဆိုတာကို တစ်ချက်ကလစ် လိုက်ပါ။




Fig-4

Confirm လုပ်လိုက်တဲ့ အချိန်မှာ Fig – 4 မှာ တွေ့ရတဲ့အတိုင်း Password Comfirmation ကို သေချာအောင် ထပ်တောင်းပါ လိမ့်မယ်။ Password နေရာမှာ Facebook password ကို မှန်မှန်ကန်ကန် ထည့်ပြီး နောက်တစ်ဆင့် Confirm ကို ထပ်ကလစ် ပေးလိုက်ပါ။

တခြားသူတွေ ဖွင့်ထားတဲ့ အချိန်မှာ တစ်ယောက်ယောက်က ဝင်ပြီး ဖျက်ဆီးပစ်မှာ စိုးလို့ ဒီလို Password Confirmation ကို ထပ်တောင်းတာပဲ ဖြစ်ပါတယ်။

Confirm လုပ်လိုက်တဲ့ အချိန်မှာ Fig-5 မှာ တွေ့ရတဲ့ ပုံအတိုင်း Facebook Logout ဖြစ်သွားပြီး Facebook password နဲ့လည်း ဝင်လို့မရတော့တာကို တွေ့ရပါလိမ့်မယ်။ အောက်မှာလည်း Your account has been deactivated ဆိုတဲ့ ဒီအကောင့်ကို ခေတ္တခဏ နားထားကြောင်းနဲ့ တကယ်လို့ ပြန်သုံးချင်ရင် Facebook Username သုံးထားတဲ့ Gmail





Fig-5

အကောင့်ရဲ့ Password ကို ပြန်ရိုက်ထည့်ပြီး အသုံးပြုနိုင်ကြောင်း ရေးသားထားတာကို တွေ့ရပါလိမ့်မယ်။

တကယ်လို့ ကိုယ့်အကောင့်ကို လုံးဝ ဖျက်ပစ်ချင်တာ မဟုတ်ပဲနဲ့ ခဏတာ နားထားချင်တယ်ဆိုရင်တော့ ဒီနည်းလေးက အထောက်အကူ ပေးမှာ အမှန်အကန်ပါပဲ။





# Facebook Account Delete လုပ်ခြင်း

Facebook ကို လုံးဝမသုံးချင်တော့လို့ Delete လုပ်ချင်တယ်ဆိုရင် ဒီနည်းကိုသုံးလို့ ရပါတယ်။ ပထမဆုံး Facebook အကောင့်ကို Browser Tab တစ်ခုကနေ အရင်ဆုံး Fig-1 ပုံအတိုင်း Sign in ဝင်ထားရပါမယ်။ ပြီးလျှင် နောက်ထပ် New tab (or) Ctrl+t ကို ကလစ်ပြီးနောက် Tab တစ်ခု ထပ်ခေါ်လိုက်ပါ။





Fig-1

ထို့နောက် New Tab မှာ ဒီ Link https://www.facebook.com/help/contact.php?show_form=delete_account ကို ရိုက်ထည့်ပြီး Enter ခေါက် လိုက်ပါ။ ဒါဆိုရင်တော့ Delete My Account ဆိုတဲ့ စာသားနဲ့ အတူ Delete လုပ်ပစ်ဖို့အတွက် Account ကို Submit လုပ်ရမယ့် Alarm ကိုပါ တွေ့ရပါလိမ့်မယ်။ အဲ့ဒါကြောင့် အကောင့်ကို Delete လုပ်ဖို့ သေချာပြီ ဆိုရင်တော့ Submit button ကို တစ်ချက်ကလစ်လိုက်ပါ။





Fig-2

Submit button ကို ကလစ်လိုက်တဲ့ အခါမှာတော့ Fig-2 မှာ တွေ့ရတဲ့ အတိုင်း Permanently Delete Account ဆိုတဲ့ Box ကို မြင်တွေ့ရမှာ ဖြစ်ပါတယ်။ Account ကို ဖျက်ပစ်ဖို့ရာ သေချာဖို့အတွက် Password ကို ထပ်ပေးရမှာဖြစ်ပြီး အောက်မှာရှိတဲ့ Verify your account အောက်က စာလုံးဒီဇိုင်းဆန်းဆန်းလေးနဲ့ ရေးသားထားတဲ့ စကားလုံး (Word)ကို သေချာဖတ်ပြီး မှန်မှန်ကန်ကန် ရိုက်ထည့်ပေးပြီး Okay ကို တစ်ချက်ကလစ်လိုက်ပါ။





Fig-3

အကောင့်ဖျက်ပစ်ဖို့အတွက် Okay ကို ကလစ်လိုက်တဲ့ အချိန်မှာ Fig (3) မှာ မြင်ရတဲ့အတိုင်း Permanently Delete Account ဆိုတဲ့ Box နဲ့ ဒီအကောင့်ကို ၁၄ ရက်အတွင်း ပြန်သုံးချင်တယ်ဆိုရင် သုံးလို့ရမည်ဖြစ်ပြီး ၁၄ ရက်ထက် ကျော်သွားပြီဆိုရင်တော့ လုံးဝဖျက်ပစ်တော့မှာ ဖြစ်ကြောင်း အသိပေးတဲ့ စာသားတွေ တက်လာမှာ ဖြစ်ပါတယ်။






Fig-4

ဒါကြောင့် ပြန်သုံးချင်ရင် ၁၄ ရက်အတွင်းမှာ ပြန်သုံးနိုင်ပါတယ်။ အခု လုံးဝဖျက်ပစ်မှာ ဖြစ်တဲ့အတွက် Okay ကို တစ်ချက်ကလစ်လိုက်ပါမယ်။

အကောင့် ဖျက်ပြီးသွားတဲ့ အချိန်မှာတော့ Fig-4 မှာ တွေ့ရတဲ့ ပုံစံကို နောက်ဆုံးမြင်ရမှာဖြစ်ပြီး ဝင်ကြည့်ရင်လည်း ဝင်လို့ရတော့မှာ မဟုတ်ပါဘူး။ ဒါကြောင့် လုံးဝမသုံးချင်တဲ့ သူတွေအတွက် ဒီနည်းနဲ့ Facebook ကို ဖျက်ပစ်နိုင်ပါကြောင်း အသိပေးလိုက်ပါတယ်။





# Facebook မှာ Shortcut အသုံးပြုနည်း

Facebook ကို အသုံးပြုတဲ့အခါမှာ လွယ်လွယ်ကူကူ မြန်မြန်ဆန်ဆန်နဲ့ Shortcuts နည်းတွေကိုလည်း မြန်ဆန်စွာ အသုံးပြုနိုင်ပါတယ်။ ဒီလိုအသုံးပြုတဲ့ နေရာမှာ ကိုယ်သုံးတဲ့ Brower ပေါ် မူတည်ပြီး သုံးရတဲ့ Shortcuts တွေကလည်း ပြောင်းလဲသွားပါလိမ့်မယ်။

ပထမဆုံး အသုံးအများဆုံးဖြစ်တဲ့ Morzilla Firefox မှာ Facebook Shortcuts ကို အသုံးပြုချင်တယ်ဆိုရင် Alt နဲ့ Shift ကို တွဲပြီး အသုံးပြု ရပါမယ်။ ဥပမာ - Profile Page ကို သွားချင်တယ်ဆိုရင် Alt + Shift+ 2 ကို တစ်ပြိုင်နက်တည်း တွဲပြီးနှိပ်ပေး ရပါမယ်။ အသေးစိတ်တွေကို အောက်မှာ ဖော်ပြထားပေးပါတယ်။

**Morzilla Firefox, CometBird Browser တွင် သုံးနိုင်တဲ့ Facebook Shortcuts များ**

1. Alt+ Shift+ 1 - Go to Homepage
2. Alt+ Shift+ 2 - Go to Profile Page
3. Alt+ Shift+ 3 - Friend Requests
4. Alt+ Shift+ 4 - Open Messages
5. Alt+ Shift+ 5 - Notifications
6. Alt+ Shift+ 6 - My Account Page
7. Alt+ Shift+ 7 - Choose Your Privacy Settings

8. Alt+ Shift+ 8 - Facebook's Facebook page
9. Alt+ Shift+ 9 - Facebook Terms & Conditions
10. Alt+ Shift+ 0 - Facebook Help Center
11. Alt+ Shift+ ? - Search
12. Alt+ Shift+ M - Compose New Message

**Chrome, Opera, Safari တွင် သုံးနိုင်တဲ့**

**Facebook Shortcuts များ**

1. Alt+? - Search
2. Alt+ M - Compose New Message
3. Alt+1 - Go to Homepage
4. Alt+2 - Go to Profile Page
5. Alt+ 3 - Friend Requests
6. Alt+ 4 - Open Messages
7. Alt+ 5 - Notifications
8. Alt+ 6 - My Account Page
9. Alt+ 7 - Choose Your Privacy Settings
10. Alt+ 8 - Facebook's Facebook page
11. Alt+ 9 - Facebook Terms & Conditions
12. Alt+ 0 - Facebook Help Center

**Internet Explorer တွင် သုံးနိုင်တဲ့**

**Facebook Shortcuts များ**

1. Alt+ ?+ Enter - Search
2. Alt+ 1+ Enter - Go to Homepage

3. Alt+ 2+ Enter - Go to Profile Page
4. Alt+ 3+ Enter - Friend Requests
5. Alt+ 4+ Enter - Open Messages
6. Alt+ 5+ Enter - Notifications
7. Alt+ 8+ Enter - Facebook's Facebook page
8. Alt+ 9+ Enter - Facebook Terms & Conditions
9. Alt+ 0+ Enter - Facebook Help Center


## Firefox(Mac) တွင် သုံးနိုင်တဲ့ Facebook Shortcuts များ

1. Function+ Ctrl+ ? - Search
2. Function+ Ctrl+ M - Compose New Message
3. Function+ Ctrl+ 1 - Go to Homepage
4. Function+ Ctrl+ 2 - Go to Profile Page
5. Function+ Ctrl+ 3 - Friend Requests
6. Function+ Ctrl+ 4 - Open Messages
7. Function+ Ctrl+ 5 - Notifications
8. Function+ Ctrl+ 6 - My Account Page
9. Function+ Ctrl+ 7 - Choose Your Privacy Settings
10. Function+ Ctrl+ 8 - Facebook's Facebook page
11. Function+ Ctrl+ 9 - Facebook Terms & Conditions
12. Function+ Ctrl+ 0 - Facebook Help Center



# facebook ၏ လုပ်ဆောင်ချက်များ

## စုကြည်ထွေး



- Facebook အကောင့်သစ်တစ်ခု ဖန်တီးခြင်း
- Complete Sign Up ဖြစ်အောင်လုပ်ခြင်း
- Password Error ဖြေရှင်းနည်း
- Login ဝင်လို့ရပြီး သုံးမရတဲ့ ပြဿနာ
- Profile အသုံးပြုခြင်း
- သူငယ်ချင်းတွေ ဖိတ်ခေါ်ခြင်း (၁)
- သူငယ်ချင်းတွေ ဖိတ်ခေါ်ခြင်း (၂)
- Facebook မှာ Chatting ထိုင်ခြင်း
- အုပ်စုလိုက်စကားပြောခြင်း
- ဓာတ်ပုံတင်ခြင်း
- Events ပေါင်းထည့်ခြင်း
- Facebook Background ထည့်ခြင်း
- Facebook Group ဖွဲ့ခြင်း
- Notification, Invite Friends List ကြည့်ခြင်း
- Profile Wall မှာ ဓာတ်ပုံတင်ခြင်း
- Profile Wall မှာ သတင်းထူး၊ ပုံပြင်၊ ဝတ္ထုတင်ခြင်း
- Profile Wall မှာ Link ကို Share ပေးခြင်း
- Profile Wall မှာ Video Share ပေးခြင်း
- Facebook မှာ Game ကစားခြင်း
- Account Setting အကြောင်း
- Privacy အကြောင်းသိကောင်းစရာ (၁)
- Privacy အကြောင်းသိကောင်းစရာ (၂)
- Facebook Deactivate လုပ်ခြင်း
- Facebook အကောင့် Delete လုပ်ခြင်း
- Facebook မှာ Shortcut အသုံးပြုနည်း

Design by
NayMin(Knowledge Bridge),
2011